# အဆင့်မြင့် အင်တာနက်အသုံးပြုနည်း

# ADVANCE GUIDE TO USING internet




မိုးသူရ

openeyes@mail4U.com.mm

# အဆင့်မြင့်အင်တာနက်အသုံးပြုနည်း

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၄၀၀၆၆၁၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၄၀၀၆၃၇၀၆၀၈ |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၈ ခုနှစ် ဇူလိုင် |
| ထုတ်ဝေသူ | - | ဦးမျိုးမင်းသန်း(၀၄၁၇၃)<br>မျက်ပွင့်စာပေ<br>၃၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ပန်းဘဲတန်း၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဇော်မင်းအေး<br>ဇော်ပုံနှိပ်တိုက်(၀၇၁၂၅)<br>အမှတ်(၃၆၅)၊ အင်ကြင်းမြိုင်လမ်း၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | - | ကျပ် |

ဖြန့်ချိရေး

မျက်ပွင့်စာပေ

အမှတ်(၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (ဗိုလ်ဆွန်ပက်လမ်းထိပ်)၊ ရန်ကုန်။

ဖုန်း ၇၀၀၅၇၉၊ ၀၉ ၅၁၄၈၅၅၈

အမှတ်(၆၁၀)၊ ဘီ(၁) ၊ ဗညားဒလလမ်း၊ယုဇနပလာဇာအနီး၊

တာမွေမြို့နယ်၊ ရန်ကုန်။

openeyes@mail4u.com.mm

# အဆင့်မြင့်အင်တာနက်အသုံးပြုနည်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (1) | Internet Forum | 1 |
| (2) | Account တည်ဆောက်ခြင်း | 2 |
| (3) | Website အတွင်းဝင်ရောက်အသုံးပြုနည်း | 9 |
| (4) | Finding E book | 13 |
| (5) | Download link | 16 |
| (6) | Download Ticket မှာကြုံရတဲ့အခက်အခဲ | 22 |
| (7) | Rar File အားပြန်ဖြည်နည်း | 23 |
| (8) | လိုချင်တာအမြန်ရှာနည်း | 26 |
| (9) | Private Massage (PM) | 29 |
| (10) | Upload လုပ်ခြင်း | 36 |
| (11) | Folder နှင့် File များကို Rar ဖြင့်ချုံ့ခြင်း | 40 |
| (12) | Blog ရေးနည်း | 43 |
| (13) | Blog တစ်ခုတည်ဆောက်ခြင်း | 49 |
| (14) | Blogger Interface အားလေ့လာခြင်း | 58 |
| (15) | Blog မှာ post အသစ်များထပ်တင်ခြင်း | 61 |
| (16) | Post အတွင်းသို့ ပုံများထပ်ထည့်ခြင်း | 67 |
| (17) | အခြား Blog များနှင့် ချိတ်ဆက်ခြင်း | 71 |
| (18) | Blog တွင် Description ထည့်ခြင်း | 79 |
| (19) | Blog တစ်ခုစုပေါင်းရေးသားခြင်း (Add a team member) | 81 |
| (20) | Template Section | 87 |
| (21) | Page Elements Widgets | 89 |
| (22) | C Box | 101 |
| (23) | Edit (or) Delete page element | 109 |
| (24) | Email ဖြင့် Post အသစ်များတပ်ဆင်ခြင်း | 112 |

# Advanced Guide to Using Internet

## (PART ONE)

## Internet Forum


- Forum website တို့မှတဆင့် Application softwareများ Ebookများအား ရှာဖွေ download ရယူပုံများ

- File hosting website များထံသို့ upload လုပ်ပုံများ

- အရွယ်အစားကြီးမားသော fileများ၊ folderများကိုမူလအရွယ် ထက်ငယ်အောင် WINRAR ဖြင့်ချုံခြင်း၊ ပြန်ဖြည်ခြင်းများ

## Internet Forum

Forum တွေဆိုတာက သတင်း၊ နည်းပညာ၊ ရုပ်ရှင်၊ ဂီတ၊ နိုင်ငံရေး အစရှိသည့် အကြောင်းခြင်းရာမျိုးစုံတို့ကို ဆွေးနွေးဖလှယ်ကြရာ အင်တာနက် ပေါ်က စကားပြောခန်းများပဲဖြစ်ပါတယ် ။ အဲဒီအထဲကမှ အချို့က ကွန်ပျူတာ တို့ ၊ အီလက်ထရောနစ်တို့နှင့်ပတ်သက်တဲ့ နည်းပညာအကြောင်းဆွေးနွေးမှုကိုအသားပေးတဲ့ forum ၊အချို့က ဂီတ ရုပ်ရှင်တို့ကို ဦးစားပေးဆွေးနွေးတဲ့ forum ဆိုပြီးတော့ ကွဲလွဲမှုလေးတွေတော့ရှိတယ်ပေါ့။ မည်သို့ပင်ဖြစ်စေကိုယ်သိချင်တာတွေဝင်မေးလို့ရသလိုကိုယ်သိချင်တာတွေကိုလည်းဝါသနာအရဝင်ရောက်ဆွေးနွေးဖြေကြားလို့လည်းရပါတယ်။





Forumတို့တွင်ဆွေးနွေးကြမည့်အကြောင်းအရာအလိုက် Section များခွဲထားပါတယ်။ ဆိုရရင် ဂီတ ( Music) ဆိုတဲ့အကြောင်းအရာအောက်မှာ မိမိကိုယ်တိုင်ဂီတနှင့်ပတ်သက်တဲ့ topic တစ်ခုကိုတင်ပြီး ဦးဆောင်ဆွေးနွေးနိုင်သလို အခြား သူတို့ တင်ထားတဲ့ topic တွေကိုလည်း ဝင်ရောက်ဆွေးနွေးခြင်း၊ မေးမြန်းခြင်း ၊ ဖြေကြားခြင်းများကိုလုပ်ဆောင်နိုင်ကြပါတယ် ။ ဒါ့အပြင် ယနေ့ အချိန်မှာတော့ အမြင်ချင်းဖလှယ်ဆွေးနွေးကြရုံ သက်သက်မဟုတ်တော့ပဲ application software များ၊ music album များ၊ Ebook များ၊ Training CD များ၊ Game များကို အသုံးတည့်သူတွေယူလို့ရအောင်ဆိုပြီး မျှဝေပေးထားခြင်းမျိုးတွေလည်းရှိပါတယ်။

ဆိုရရင် www.warezws.com ၊ww.warez-bb.org ၊ www.projectw.orgတို့လို forum websiteမျိုးတွေဖြစ်ပါတယ်။ ဒီလို websiteမျိုးတွေမှာဝင်ရောက်ရှာဖွေခြင်းအားဖြင့် software ဆိုရင်လည်း latest version ၊ Ebookဆိုရင်လည်း latest editionတို့ကို ရရှိနိုင်ကြသည့်အတွက်

အလွန်အကျိုးများပါတယ်။ ဒါ့ကြောင့် Forum website တွေကိုဘယ်လိုဝင်ရောက်ရမလဲ၊ လိုချင်တာတွေကိုဘယ်လိုရှာဖွေ download ရယူကြမလဲ ဆိုတာတွေကိုအင်တာနက်အခြေခံမှသည် ရှေ့တန်းဆင့်တက်လှမ်း အသုံးပြုလိုသူတွေ သိထားသင့်လှပါတယ်။

## Accounts

Forum အသုံးပြုလိုသူတွေအနေနဲ့ မိမိတို့ကိုယ်ပိုင် account တစ်ခုစီတော့ရှိဖို့လိုပါလိမ့်မယ်။ ဒီနေရာမှ account ရဲ့သဘောတရားကို ကြေလည်အောင်ရှင်းခဲ့ပါမယ်။ account ဆိုတာ username နဲ့ password အတွဲတတွဲဖြစ်ပါတယ်။ သဘောကတော့ account တစ်ခုလို့ဆိုလိုက်တာနဲ့ username လည်းရှိရမယ် ။ password လည်းရှိရမယ် ၊ ဒီ ၂ မျိုးပေါင်းမှ account တစ်ခုဖြစ်ပါတယ် ။ account ဆိုတာတွေကို အင်တာနက်ရဲ့ဘယ်နေရာမှာ သုံးကြသလဲဆိုတာကိုရှင်းပြလိုပါတယ်။





ACCOUNT

အင်တာနက်မှာရှိတဲ့ website တစ်ခုစီကိုပွဲခင်းတစ်ခုအနေနဲ့မြင်ကြည့်ရအောင်။ ပွဲတွေမှာ ဆိုရင် အချို့က မည်သူမဆိုအလကားဝင်ကြည့်နိုင်တဲ့ ဗလာပွဲ ၊ အချို့က လက်မှတ်ပါမှ ဝင်ကြည့်လို့ရတဲ့ ပွဲရယ်လို့ ရှိကြပါတယ်။ အင်တာနက် website တွေဟာလည်း ဒီအတိုင်းပါဘဲ။ ကျွန်တော်တို့အလွယ်တကူဝင်ရောက်ကြည့်ရှုနေကြတဲ့ CNN ၊ Yahoo ၊ MSN တို့ဆိုတာတွေက ဗလာပွဲ။ ဘာမှမလိုဘူး။ ကြည့်ချင်တဲ့အချိန် အဲဒီ websiteထဲ ဝင်ပြီး ဖတ်ရှုလို့ရတယ်။ လိုချင်တဲ့ အကြောင်းရာတွေ ကူးယူလို့ရတယ်။

Forum အပါအဝင်အချို့အချို့သော websiteတွေကျတော့ လက်မှတ် နဲ့သဘောတရားတူသော account ရှိမှ ဝင်လို့ရတဲ့ပွဲမျိုးတွေပေါ့။ လက်မှတ်မှာမှ မေတ္တာလက်မှတ် နဲ့ ပိုက်ဆံပေးဝယ်ရတဲ့ လက်မှတ် ဆိုပြီး ၂ မျိုးရှိပါတယ်။ ထိုသဘောတရားအတိုင်းပင် အချို့ websiteတွေက Free account ပေးသော်လည်း အချို့က ဝယ်ယူ နိုင်းပါတယ်။ Forum website အများစုကတော့ သူတို့ website တွင်း ဝင်သုံးဖို့ရန် Free Account တွေ ထုတ်ပေးပါတယ် ။ ဒီနေရာမှာ ပိုက်ဆံပေးဝယ်ရမည့် account တွေ အကြောင်း မေ့ထားလိုက်ရအောင်။

အရေးကြီးတာက www.warezws. com ကိုဝင်သုံးမယ်ဆိုရင် warezws က ခွင့်ပြုထားတဲ့ account ရှိရမယ်။ www.projectw.org ကိုဝင်သုံးမယ်ဆိုရင် Projectw ကခွင့်ပြုထားတဲ့ သီးခြား

account ရှိရမယ်။ အချို့က Projectw ကပေးထားသည့် account ဖြင့်အခြားသော Forum website တွေကိုပါဝင်လို့ရမယ့်အထင်မှားတတ်ပါတယ်။အဲဒါမဟုတ်ပါ။သဘောကမြန်မာပြည်ပွဲလက်မှတ်ဖြင့်ကန်တော်ကြီးကပွဲကိုသွားကြည့်လို့မရပါ။




ဒါဆိုရင် account ရှိမှသာ ဝင်ရောက် အသုံးပြုခွင့် ပေးတဲ့ website မျိုးတွေကို သူတို့ ထုတ်ပေးထားသည့် သက်ဆိုင်ရာ accountရှိမှသာလျှင် ဝင်ရောက်လို့ရမယ်ဆိုတာ သဘောပေါက်လောက်ပြီ တင်ပါတယ်။ account တစ်ခုကို လက်ဝယ်ရှိဖို့ရန် အများအားဖြင့် အောက်ဖော်ပြပါ အဆင့် ၂ဆင့်ကိုဖြတ်သန်းကြရပါတယ်။

1) Registration


2) Activation

အချို့သော Website တွေမှာဆိုရင် Activation လုပ်စရာမလိုဘဲ Registration လုပ်ရုံဖြင့်account ချပေးတာတွေလည်းရှိပါတယ်။ Registration ကတော့မဖြစ်မနေ လိုအပ်ပါတယ်။ Registrationလုပ်တယ်ဆိုတာ ထွေထွေထူးထူးတော့မဟုတ်ပါဘူး။ username ၊Password အပါအဝင် သူတို့တောင်းတဲ့အချက်အလက်တွေကိုဖြည့်ပေးရခြင်းဖြစ်ပါတယ်။ websiteတစ်ခုနှင့်တစ်ခုဖြည့်ခိုင်းတဲ့ အချက်တွေတော့မတူဘူးပေါ့။

သို့သော်ငြားလည်း အခြေခံ သဘောတရားများမှာ အတူတူပင်ဖြစ်သည့်အတွက် website တစ်ခုမှာ Register လုပ်ခဲ့ဘူးရင် အခြား websiteတွေမှာလည်း များစွာအခက်အခဲမရှိပဲ လုပ်ဆောင်နိုင်ပါလိမ့်မယ်။ယခုဆက်လက်ပြီး Forum တစ်ခုဖြစ်တဲ့ www.warez-bb.org မှ account တစ်ခုရရှိရန် အတွက် Registrationလုပ်ပုံအဆင့်ဆင့်နှင့် Activation တို့ကိုဖော်ပြသွားပါမယ်။ account ရပြီး နောက်ပိုင်းရှာဖွေ download ရယူပုံများကိုလည်း၎င်း Forum website ကိုပင်ဥပမာထားပြီး ရှင်းလင်းတင်ပြသွားပါမယ်။


## Registration

Internet Explorer (သို့) Browser Program တစ်ခုခု၏ address bar တွင် www.warez-bb.org ဟုရိုက်ထည့်ပါ။ အောက်ဖော်ပြပါပုံကတော့ www.warez-bb.orgရဲ့ webpage ပဲဖြစ်ပါတယ်။ အစ page မှာကတည်းကိုက Register လုပ်ဖို့ရန် တိုက်တွန်းထားပါတယ်။




**Step 1**: Register


Accountရှိမှ loginဝင်သုံးလို့ရမယ့် website အတော်များများတွက် Account စဆောက်ဖို့ရန် Registerဆိုတဲ့စကားလုံးပါလေ့ရှိပါတယ်။ (အချို့ website တွေမှာ Register အစား Sign upဟုလည်း သုံးလေ့ရှိပါတယ်)။ **Register** တွင် clickတစ်ချက်နှိပ်လိုက်ပါ agreement page ကိုမြင်ရပါမယ်။




**Step 2**: Agreement

လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းတွေ ၊သတိပေးတားမြစ်ချက်တွေကို ဒီနေရာမှာ အသိပေး ဖော်ပြထားလေ့ရှိပါတယ်။ ဆိုရရင်တားမြစ်ချက် တစ်ခုခုကိုဖောက်ဖျက်ခဲ့ပါက accountကိုသုံးမရအောင် ပိတ် ပစ်မယ်ဆိုတာမျိုးတွေပေါ့ ။ ၎င်းစည်းမျဉ်းစည်းကမ်းတွေကို သိရှိပြီး လိုက်နာပါမည် ဆိုသည့် အကြောင်းကိုမဖြစ်မနေ သဘောတူကြရပါမယ်။ သို့မှသာ ရှေ့ဆက် Register လုပ်ခွင့်ရကြမှာဖြစ်ပါတယ်။

**I agree to these term** ပေါ်တွင် Clickတစ်ချက်နှိပ်လိုက်ပါ။ Profile Information Page ကိုမြင်ရပါမယ်။




2.I Agree တွင် click တစ်ချက်နှိပ်လိုက်ပါ

**Step 3**: Profile Information

Profile Information နေရာတွင် username | Password အပါအဝင် အချို့သော လိုအပ်ချက်များကို ထည့်သွင်းပေးရပါမယ်။ ခရေပွင့် (*) ပြထားသောနေရာများသည် အရေးကြီးပါတယ်။ မဖြစ်မနေဖြည့်စွက်ကြရပါမယ်။


username : username အဖြစ်ထားလိုတဲ့ အမည်တစ်ခုခုကို ရိုက်ထည့်ရပါမယ်။ အချို့ Site တွေမှာ username အဖြစ်စာလုံးအရေအတွက်အနည်းဆုံးဘယ်လောက်၊ အများဆုံးဘယ်လောက်ထိပဲဖြစ်ရမယ်ဆိုတာမျိုးကန့်သတ်ထားလေ့ရှိပါတယ်။ ပုံမှန်အားဖြင့် ၅လုံး၊၆လုံးလောက်ဆိုရင် အတော်ပဲဖြစ်ပါတယ်။

Email Address : အမှန်တကယ်အသုံးပြု၍ရနိုင်သောမိမိ၏ email လိပ်စာတစ်ခုကို ထည့်သွင်းပေးပါ။


Password : Passwordအဖြစ်ထားရှိလိုသောစကားလုံးများကို ထည့်သွင်းရပါမယ်။ ပုံမှန်အားဖြင့် ၈လုံးလောက်ဆိုအတော်ပဲဖြစ်ပါတယ်။ အရေးကြီးတာကမိမိထည့်သွင်းခဲ့တဲ့ စာလုံးတွေကို အတိအကျ မှတ်မိဖို့လိုပါတယ်။

Confirm Password : ရှေ့က Password အဖြစ်ထည့်သွင်းခဲ့တဲ့ စာလုံးတွေကို ဒီနေရာမှာထပ်မံထည့်သွင်းရပါမယ်။ Password ကိုအမှားမဲ့ အမှတ်မဲ့ထည့်သွင်းခြင်းမှကာကွယ်ရန်ဖြစ်ပါတယ်။

Confirmation Code : လေးထောင့်ကွက်ထဲတွင် ပေါ်နေသောစာလုံးများကိုရိုက်ထည့်ရပါမည်။




လိုအပ်သော information အားလုံးဖြည့်စွက်ပြီးပြီဆိုရင် **Submit** button တွင် click တစ်ချက်နှိပ်လိုက်ပါ။ ဖြည့်စုံမှန်ကန်စွာဖြည့်စွက်ခဲ့ပါက account create လုပ်ပြီးကြောင်းဖော်ပြသော Page ကိုမြင်ရပါမည်။ ၎င်း Page ထဲမှာလည်း activation လုပ်ဖို့ရန်ညွှန်ကြားထားပါလိမ့်မယ်။




## Activation

Registerလုပ်ပြီးပြီဆိုရင် မိမိ accountကို စတင်သက်ဝင်စေရန် email activation လုပ်ရပါဦးမယ်။ email activation လုပ်ရန် Registerလုပ်ခဲ့စဉ်အခါတုန်းက ထည့်သွင်းခဲ့သော email အတွင်းသို့ activation Link ပါတဲ့ message တစ်စောင်ပေးပို့ထားပါလိမ့်မယ်။ သည့်အတွက် email အရင်ဖွင့်စစ်ကြရပါမယ်။


**Step 1**: Log in to Email

မိမိရဲ့ email ထဲသို့ဝင်ကြည့်လိုက်မယ်ဆိုရင် warez-bbမှ ပေးပို့ထားသော message အားတွေ့ရပါမည်။ ၄င်း message ပေါ်တွင် Click တစ်ချက်နှိပ်ပြီး ဖွင့်ဖတ်ရပါမယ်။





**Step 2**: Activation

ဖွင့်လာသော message ထဲတွင် username ၊ password နှင့် activation link တို့ကို တွေ့ရပါလိမ့်မယ်။ အရေးကြီးတာက email messageထဲတွင် ပါလာသော username နှင့် pass-word တို့ကို သေသေချာချာ မှတ်သားထားရပါမယ်။ နောင်တချိန် warez-bb သို့သွားရောက်သည့်အခါတိုင်း၊ ၄င်းတို့ကို အသုံးပြုဝင်ရောက်ပြီး မိမိတို့အလိုရှိရာ Ebook များ၊ Program များ၊ game များကိုရှာဖွေကြရမှာဖြစ်ပါတယ်။




အပြာရောင်စာလုံးများဖြင့် လိုင်းသားထားသော activation link ပေါ်တွင် Click နှိပ်လိုက်ပါ။ မိမိ account ရယူခဲ့ရာ forum website( warez-bb) သို့ပြန်လည်ရောက်ရှိသွားပြီး activation အဆင့်အောင်မြင်စွာပြီးဆုံးပါလိမ့်မယ်။





ဒါဆိုရင် warez-bbကိုဝင်ရောက်အသုံးပြုနိုင်မည့် ကိုယ်ပိုင် accountတစ်ခုတည်ဆောက်ပြီးသွားပါပြီ။အရေးကြီးတာက ဒီနေရာမှာ Registration နှင့် Activation လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ခဲ့ဖို့လိုပါလိမ့်မယ်။ သို့မှသာ အခြားအခြားသော forum website တွေမှာလည်း ကိုယ်ပိုင် account တွေဆောက်ပြီးဝင်ရောက်အသုံးပြုနိုင်ကြမှာဖြစ်ပါတယ်။

### Login ဝင်ရောက်ခြင်း

warez-bb ထံမှ အသုံးပြုခွင့်လက်မှတ် (ဝါ) Account ရပြီဆိုရင် ၄င်း website တွင်းသို့ ဝင်ရောက်အသုံးပြုလို့ရပါပြီ။

**Step 1**) Log In

Login ဝင်ရောက်ရန် www.warez-bb.orgသို့သွားပါ။ရောက်ပြီဆိုရင် Login တွင် Click တစ်ချက်နှိပ်ပါ။ ဝင်ရောက်ရန်အတွက် username နှင့် passwordတို့ကိုတောင်းခံပါလိမ့်မယ်။





**Step 2**) Type username & password

username နှင့် passwordတို့ကို ရိုက်ထည့်ပါ။ Option နေရာရှိ Log me on automatically မှ Checkbox ကိုအထူးဂရုပြုပါ။ ၄င်း Checkbox ထဲတွင်အမှန်ခြစ်ရှိနေခဲ့မယ်ဆိုရင် ယခုထည့်သွင်းခဲ့တဲ့ username နှင့် passwordတို့ကို ကွန်ပျူတာမှ မှတ်သားထားပါလိမ့်မယ်။


နောင်အခါ သည် website(www.warez-bb.org )သို့ လာသည့် အခါတိုင်း ယခုကဲ့သို့ username နှင့် password တို့ကိုရိုက်ထည့်ရန်မလိုတော့ပဲအလိုလျောက် Loginဝင်ရောက်ပြီးသားဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် မိမိတဦးတည်း အသုံးပြုသောကွန်ပျူတာ မဟုတ်သမျှကာလပတ်လုံး၊ အထူးသဖြင့် လူအများသုံးပြုကြတဲ့ Cyber Cafeလိုနေရာမျိုးတွေမှာ Login ဝင်မယ်ဆိုရင်ဒီ checkbox ထဲမှအမှန်ခြစ်ကိုဖြုတ်ထားခဲ့ရပါမယ်။

ဒီ warez-bb မှမဟုတ်ပါဘူးအခြားသော Login ဝင်ရောက်သုံးရတဲ့ website တွေမှာလည်း Log me on automatically နှင့် သဘောဆင်တဲ့ remember my password တို့၊ remember

me တို့၊ Sign in me automatically တို့ ဆိုတာမျိုးတွေ တွေ့ရလေ့ရှိပါတယ်။ အထူးသတိပြုပါ။





username နှင့် password တို့ထည့်သွင်းပြီးပြီဆိုလျှင် **Log in** တွင် Click တစ်ချက်နှိပ်လိုက်ပါ။ မှန်ကန်ပါက "you have successfully logged in" ဆိုပြီး မူလအစ Index page သို့ပြန်ရောက်သွားပါမယ်။ page၏အပေါ်ညာဘက်ထောင့် မူလ Log in နေရာတွင် Log out လို့ပြောင်းသွားပြီးမိမိ အမည်ကို တွေ့ကြရပါမယ်။



## Forum Index page အားလေ့လာခြင်း


Forum Index page တွင် Announcement ၊ download နှင့် Request ဆိုပြီး အဓိကအပိုင်း ၃ ပိုင်းရှိပါတယ်။

### Announcement




Announcementထဲတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အခါအားလျော်စွာ ထုတ်ပြန်လေ့ရှိသည့် ကြေငြာချက်များကို ဖော်ပြထားလေ့ရှိပါတယ်။ ဘာတွေ လုပ်လို့ ရတယ်။ ဘာတွေလုပ်လို့မရဘူးဆိုတဲ့ warning message တွေကို တော့ လေ့လာဖတ်ရှုထားသင့်ပါတယ်။ စည်းကမ်းတခုခုကို ဖေါက်ဖျက်မိပါက Account ကိုသုံးမရအောင်ပိတ်ပစ်ခြင်းခံရတတ်ပါတယ်။

### Download




ဒီ section ကတော့ စိတ်ဝင်စားစရာ အကောင်းဆုံးအပိုင်းဖြစ်ပါလိမ့်မယ်။ အသုံးပြုသူ 80% လောက် ကဒီ download sectionကြောင့်သာ forum တွေကို အသုံးပြုကြတာလို့ဆိုနိုင်ပါလိမ့်မယ်။ ဘာတွေကို download ရယူချင်သလဲပေါ်မူတည်ပြီး အကြောင်းအရာ အမျိုးအစား လိုက် ထပ်မံ အုပ်စုခွဲစုစည်းပေးထားပါတယ်။

### Application

player တွေ၊ utilityတွေကနေစပြီး application software တွေ၊ operating system တွေထိပါရှာဖွေ download ရယူနိုင်ကြပါတယ်။


### Game

ယနေ့လူကြိုက်များဆော့ကစားနေတဲ့ Gameပေါင်းစုံကိုရှာဖွေ download ရယူနိုင်ကြပါတယ်။

### Ebook & Tutorial

ပညာရပ်နယ်ပယ်အသီးသီးက Ebook တွေ၊သင်ခန်းစာအထောက်အကူပြု CD တွေပေါင်းစုံကို ရှာဖွေ download ရယူနိုင်ကြပါတယ်။

#### Request




Download section ထဲမှာ မိမိလိုချင်တာ မရခဲ့ဘူးဆိုရင် ဒီ sectionထဲမှာလာရောက် request လုပ်ထားနိုင်ပါတယ်။ အခြားသိသည့်သူတစ်ဦးဦးက ဘယ်နေရာမှာ downloadရနိုင်တယ်ဆိုတာကို ညွှန်ပြပေးပါလိမ့်မယ်။ သူ့နေရာနဲ့သူ request လုပ်ဖို့တော့လိုပါတယ်။ ဥပမာမိမိက antivirus program (ဥပမာ- Norton) လိုချင်တယ်ဆိုရင် Application request အောက်မှာ သွားရောက်ရေးသားတောင်းခံရပါမယ်။ Game request အောက်မှာသွားတောင်းခြင်းမျိုးမလုပ်ရပါဘူး။

### What to download

Software application တွေ၊ Game တွေ၊ Videoတွေ၊ Music Album တွေ ဆိုတာတွေက အပြင်မှာဝယ်ရင်လည်း CD၊ DVDတို့နှင့် ရနိုင်တယ်။ ရှေ့မှာဖော်ပြခဲ့တဲ့ download sectionမှာရှာပြီးအကြိုက်တွေ့ရင်လည်း download ရနိုင်ပါတယ်။ သို့သော်အရေးကြီးတာကအဲဒီfileတွေရဲ့အရွယ်အစားဖြစ်ပါတယ်။

Software Application အများစုနှင့် Game တွေ သီချင်းဗီဒီယိုတွေ ရဲ့အရွယ်အစားသည် အကြမ်းဖျင်း 500MB မှသည် GB တွေထိ ရှိပါတယ်။ အဲဒီလို fileမျိုးတွေကို ဆွဲမယ်ဆိုရင် မိမိရဲ့internet connection Speed က ကောင်းလည်းကောင်းရမယ်၊ ငြိမ်လည်းငြိမ်တဲ့အခါမျိုးတွေမှသာလျှင် အဆင်ပြေနိုင်ပါလိမ့်မယ်။ download ပြီးခါနီးမှ အကြောင်းတစုံစုကြောင့် ပျက်သွားတာမျိုးဆိုရင် ငွေကိုအသာထားလို့အချိန်များစွာကုန်ပါတယ်။ အဲဒီတော့ အကြံပေးချင်တာက အပြင်မှာ အလွယ်တကူဝယ်လို့ရနိုင်ရင်ဝယ်ပါ။ မရနိုင်တဲ့အခါမျိုးမှာပဲဖြစ်ဖြစ်၊ update version တွေ ရချင်တဲ့ အခါမျိုးမှသာ download ဆွဲခြင်းမျိုးပြုသင့်ပါတယ်။


Ebook တွေကျတော့အဲဒီလိုမျိုးမဟုတ်တော့ဘူး ။အပြင်မှာရှာရလည်းခက်သလို Latest edition ရဖို့လည်းမလွယ်လှပါဘူး။ အင်တာနက်ပေါ်မှ ရနိုင်တာတွေကပိုအကျိုးများပါတယ်။ ဒါ့အပြင် အရွယ်အစားဟာလည်း Gameတို့ software program တို့နှင့်ယှဥ်ရင် သေးငယ်သည့်အတွက် download ဆွဲတဲ့နေရာမှာအခက်အခဲကြီးကြီးမားမားမရှိနိုင်ပါဘူး။

ယခုလိုပြောတာက Ebook တွေကိုသာဆွဲပါ ကျန်တာတွေကို မဆွဲပါနှင့်လို့ တိုက်တွန်းနေတာမဟုတ်ပါဘူး။ အခက်အခဲရှိလာနိုင်တာတွေကိုကြိုတင်ပြောထားခြင်းသာဖြစ်ပါတယ်။ Ebook တွေပဲဖြစ်ဖြစ်၊ Application တွေပဲဖြစ်ဖြစ် ရှာဖွေ ရယူပုံများသည် အတူတူပင်ဖြစ်ကြပါတယ်။ ဒီ နေရာမှာတော့ ကျွန်တော်တို့ရဲ့အနေအထား၊ လိုအပ်ချက်တွေနှင့် အကိုက်ညီဆုံးဖြစ်တဲ့ Ebookတို့အားရှာဖွေ download ရယူပုံများကို ဦးစားပေးပြီး **Finding Ebook ၊Download Link ၊Start Download** ဟုခေါင်းစဥ်ခွဲသုံးခုဖြင့်အပိုင်း(၃)ပိုင်းခွဲ၍ ဥပမာပေး ဖော်ပြသွားပါမယ်။

## ◉ Finding Ebook

### Step 1) Go to Ebook section


warez-bb ၏ Index page ရှိ **ebookz and tutorialz** တွင် Click တစ်ချက်နှိပ်ပါ။ Ebook Section ထဲသို့ရောက်သွားပါမည်။




### Step 2 ) Post Title


Ebook Section အောက်တွင် အခြား member များတင်ထားသော post တို့၏ခေါင်းစီး title များကိုမြင်ကြရပါမယ်။ ထိုခေါင်းစီး တစ်ခု ချင်းစီကို ဖတ်ရှုခြင်းအားဖြင့် Ebookအမျိုးအစား၊ အကြောင်းအရာ

တို့ကိုသိနိုင်ပါတယ်။ IE Windowမှscrollbarကိုအောက်သို့ဆွဲချပြီးအပေါ်အောက် ရွေ့ကြည့်နိုင်ကြပါတယ်။





## Step 3) Page by Page

titleတို့၏အဆုံးတွင် Page 1၊ 2၊ 3 အစရှိသဖြင့် စာမျက်နှာ နံပါတ်များကို မြင်ရပါမည်။ **Next** တွင် Click တစ်ချက်နှိပ်လိုက်ပါက Page 2 သို့ရောက်သွားပြီး နောက်ထပ် title များကိုမြင်ကြရပါမယ်။ ဤသို့ဖြင့် Page 2 မှသည် Page 3၊ 4 အစရှိသဖြင့် စာမျက်နှာ တစ်ခုပြီးတစ်ခု ကူးပြောင်း၍မိမိတို့အလိုရှိရာ Ebook ပါတဲ့ title များကို ရှာဖွေ နိုင်ကြပါတယ်။



## Step 4 ) Choose title


မိမိအလိုရှိရာ ebook အမည်ပါတဲ့ title ပေါ်တွင် တစ်ချက်နှိပ်လိုက်ပါ။ ebook နှင့်ပတ်သက်သော information များပါသည့် Page ကိုမြင်ကြရပါမယ်။




4.ebook title ပေါ်တွင် click တစ်ချက်နှိပ်လိုက်ပါ

## Step 5) Information Page

Information page ထဲတွင် အများအားဖြင့် မူရင်းစာအုပ်အဖုံးပုံ၊ စုစုပေါင်း စာမျက်နှာ အရေအတွက်၊ အရွယ်အစား၊ Language ၊ download Link၊ Password အစရှိသဖြင့် ပါလေ့ရှိပါတယ်။ အဲဒီအထဲက အရေးကြီးဆုံး ၂ခုက ဘယ်နေရာကနေ download ယူရမလဲဆိုတဲ့ download Link နှင့် Password တို့ပဲဖြစ်ပါတယ်။




Information Page

Ebook Download Link

password ကိုမှတ်သားထားရပါမယ်

### ◉ Download Link

ebook ရှိရာနေရာကိုညွှန်ပြထားခြင်းဖြစ်ပါတယ်။ အဲဒီ Linkမှ တဆင့် သွားပြီး download ရယူကြရမှာဖြစ်ပါတယ်။ အများအားဖြင့် www.rapidshare.comသို့ညွှန်ပေးလေ့ရှိပါတယ်။ အချို့သော post တွေမှာ ဆိုရင် www.megaupload.comတို့၊ www.flex.comတို့၊ www.mediafire.comတို့ဆီသို့ ညွှန်းခြင်းမျိုးလည်းရှိပါတယ်။ ဒါကတော့ ebook တင်ပေးသူရဲ့ရွေးချယ်မှုဖြစ်ပါတယ်။ သူညွှန်ပေးတဲ့နေရာကို ကိုယ်ကသွားယူရမှာဖြစ်ပါတယ်။

အဲဒီတော့ ဆိုခဲ့သလို အများဆုံးသွားယူရမယ့် နေရာသည် rapidshare ဖြစ်ပါတယ်။ ဒါ့ကြောင့် rapidshareထံမှ ဘယ်လို download ယူရမလဲ နှင့် ကြုံတွေ့ရနိုင်တဲ့အခက်အခဲတွေကို ဖော်ပြသွားပါမယ်။ ဒါ့အပြင် rapidshareကနေdownload ယူတတ်သွားပြီဆိုရင်ကျန်တဲ့အခြားဘယ် websiteကိုပဲညွှန်းညွှန်း များစွာအခက်အခဲမရှိပဲ ရယူနိုင်ကြပါလိမ့်မယ်။

### ◉ Password

Passwordကတော့ အမြဲတမ်းပါလေ့မရှိပါဘူး။ ပါလာခဲ့ရင်လည်း မဖြစ်မနေကူး ယူမှတ်သား ထားရပါမယ်။ ebookတွေ၊ applicationတွေတင်မယ့်သူတွေအတွက်လည်း upload လုပ်ရတာမြန်အောင်၊ ယူသုံးမယ့်သူတွေအတွက် လည်း downloadလုပ်ရတာမြန်အောင် ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် file တွေကို softwareသုံးပြီး မူလအရွယ်ထက်ငယ်အောင် Compressလုပ်ထားလေ့ရှိပါတယ်။ အသုံးများဆုံး Software ကတော့ Winzip နှင့် WinRar တို့ပဲဖြစ်ပါတယ်။

ဘဘောကတော့တင်တဲ့သူမှ WinRarသုံး၍ ချုံ့ပြီးတင်လိုက်တယ်ဆိုရင် download ဆွဲယူတဲ့သူတွေအနေနှင့် မိမိတို့ကွန်ပျူတာထဲရောက်ရှိလာပြီးတဲ့အခါ WinRar သုံးပြီးပြန်ဖြန့် (uncompress/extract) ယူရပါတယ်။ သဘောက extract ပြန်လုပ်ပြီးမှ ဖတ်တာတို့၊ run တာတို့ လုပ်လို့ရပါတယ်။

WinRarသုံးပြီး compress လုပ်တဲ့နေရာမှာ အချို့က Password ထည့်ပြီး compress လုပ်လေ့ရှိတယ်။ အဲဒီလို Password ထည့်ပြီး compress လုပ်ထားတဲ့ file တွေကို ပြန်ဖြန့် (uncompress/extract) ချင်ရင် ထိုနဂိုမူလ Password ပြန်ထည့်ပြီးမှ ဖြန့်လို့ရတယ်။ ဒါ့ကြောင့် Passwordတွေ့ရင် မှတ်သားထားရမယ်။ fileကို download ဆွဲပြီး ၍ ပြန်ဖြည် တော့မယ်ဆိုရင် မှတ်သားထားသည့် Password ကိုသုံးကြရမယ်။


## Rapidshare ထံမှ download ဆွဲခြင်း

ယခုဆက်လက်ပြီး ebookကို download ဆွဲရန် အတွက် တင်ပေးသူမှ ညွှန်ပြထားသော www.rapidshare.com မှတဆင့် download ရယူပုံများကိုဖေါ်ပြသွားပါမယ်။

**Step 1** ) Copy the Link


a) ညွှန်ပြထားသော Link ပေါ်သို့ Mouse pointer ရွှေ့ပြီး၊ အပြာရောင် highlight ပေါ်လာအောင် select မှတ်ပါ။

b) select မှတ်ထားသော Link ပေါ်တွင် ညာဘက် click နှိပ်ပါ။ ကျလာမည့် menu ထဲရှိ **Copy** တွင် click နှိပ်ပါ။ ဒါဆိုရင် download link ကို copy ကူးပြီးသွားပါပြီ။





**Step 2**) Go to Download Site

IE window ၏ Address bar ပေါ်တွင် ညာဘက် Clickနှိပ်ပါ။ ကျလာမည့် menu ထဲရှိ **paste** တွင် Clickတစ်ချက်နှိပ်ပါ။ ဒါဆိုရင် မိမိ Copy ကူးထားခဲ့သော လိပ်စာ အားမြင်ရပါမည်။ Enter key ကိုနှိပ်ပါ။ လိပ်စာပါ Address ဖြစ်သည့် rapaidshare သို့ရောက်သွားပါလိမ့်မည်။



**Step 3**) Choose user type

rapidshare သို့ရောက်ပြီဆိုရင် မိမိသည် Free နှင့် Premium ထဲက ဘယ်လို user ဖြစ်သလဲ ဆိုတာ ရွေးပေးရပါမယ်။ premium သည် Rapidshare ထံမှ တစ်ပါတ်စာ၊ တစ်လစာ၊ အစရှိသဖြင့် ပိုက်ဆံပေး သုံးသော သူတွေအတွက် ဖြစ်ပါတယ်။ free download သုံးမည့်သူတွေကတော့ **Free** တွင် Click နှိပ်လိုက်ပါ။




Free တွင် click နှိပ်ခဲ့ပြီးပါက အောက်ဖော်ပြပါ အခြေအနေသုံးမျိုးဖြင့် ကြုံတွေ့ရပါလိမ့်မယ်။

1) Happy Hours ( ယခုချက်ချင်း download လုပ်နိုင်သော အခြေအနေ )

2) Still *.* Minutes ( Download လုပ်ယူခွင့် ticket ကို ရရှိဖို့ရန် အချိန်အနည်းငယ် စောင့်ဆိုင်းရမည့် အခြေအနေ )

3) ERROR ( လောလောဆယ် Download လုပ်ယူခွင့် မရနိုင်သော အခြေအနေ )


မှတ်ချက်။ ။ Free ကိုနှိပ်ခဲ့ပြီးတဲ့အခါ အများအားဖြင့် Happy Hour နှင့် Download ticket တို့ကို အလွယ်တကူ ရရှိနိုင်ကြမည် မဟုတ်ပါ။ အခက်အခဲများစွာ ကြုံရနိုင်ပါသေးတယ်။ နောက်ပိုင်းမှာ ERROR နှင့်ပါတ်သက်ပြီး ကြုံတွေ့ရနိုင်တဲ့ အခက်အခဲများကို ဖော်ပြသွားပါမယ်။

**Step 4**) File Download

ယခုဖေါ်ပြသွားမှာက Free တွင် click နှိပ်ခဲ့ပြီး၍ Happy Hour နှင့် Download Ticket စောင့်ဆိုင်းပါဆိုတဲ့ အခြေအနေနှစ်မျိုးတို့နှင့် ကြုံတွေ့လာရတဲ့အခါမျိုးတွေမှာ download လုပ်ယူပုံများပဲဖြစ်ပါတယ်။

### Happy Hour


happy hour ကတော့အရိုးရှင်းဆုံးဖြစ်ပါတယ်။ စောင့်ဆိုင်းစရာမလိုပဲ ချက်ချင်း download လုပ်ယူခွင့် ဖြစ်ပါတယ်။ Download တွင် click နှိပ်လိုက်ပါက တန်းပြီး 'file download' dialogbox ကျလာပါလိမ့်မယ်။ဒါမျိုးကကြုံရခဲပါတယ်။





### Download Ticket

တခါတလေမှာ download ticket ကိုရရှိရန်အချိန်အနည်းငယ် (ဥပမာ - 1.6 minute) စောင့်ဆိုင်းပါဆိုတဲ့သဘောဆောင်သော ညွှန်ကြားချက်ပါသည့် Page ကိုမြင်ရပါမယ်။သဘောက happy hour လိုချက်ချင်း download ပေးမလုပ်ပါဘူး။

download လုပ်ခွင့်ရရန် အချိန်အနည်းငယ်စောင့်ဆိုင်း ကြရမယ်။ဒါ့အပြင် ဖြည့်စွက်ရမည့် code တွေဖြည့်ပြီးမှ download လုပ်ခွင့်ရကြမှာဖြစ်ပါတယ်။ဒီအတိုင်း စောင့်ကြည့်နေပါ။ တဖြေးဖြေးနှင့် 1.6 ကနေ 1.5အစရှိသဖြင့် စောင့်ဆိုင်းရမည်ကြာချိန် လျော့နည်းလာပါလိမ့်မယ်။





စောင့်ခိုင်းတဲ့မိနစ်ပြည့်ပြီးသွားတာနှင့် downloadစဆွဲဖို့ရန်အတွက် Security question ဆိုပြီး ပေါ်လာသောစာလုံးများကိုရိုက်ထည့်ပေးဖို့တောင်းဆိုပါလိမ့်မယ်။ဒီနေရာမှာအရေးကြီးတာကဘယ်စာလုံးတွေ ထည့်ပေးရမလဲဆိုတာဖြစ်ပါတယ်။ညွှန်ကြားချက်ကိုဖတ်ဖို့လိုပါလိမ့်မယ်။ဥပမာပုံအရကြည့်မယ်ဆိုရင် ပေါ်လာသော စာလုံးတလုံးချင်းစီပေါ်မှာ ကြောင် (သို့)ခွေး ပုံ တစ်ပုံစီပါပါတယ်။ ညွှန်ကြားချက်ကို ဖတ်ကြည့်မယ်ဆိုရင် ကြောင်ပုံပါသော စာလုံးများကိုရိုက်ထည့်ပေးဖို့ရန် ညွှန်ကြားထားသည့်အတွက် ကြောင်ပုံပါသောစာလုံးများကိုသာ ရွေးချယ်ထည့်သွင်းပေးရပါမယ်။





ရိုက်ထည့်ပြီးလျှင် **download** buttonတွင် click နှိပ်လိုက်ပါ။ မှန်ကန်ပါက " file download" dialog boxကျလာပါမည်။

## Step 5) Saving

"file download" dialog box ထဲရှိ **Save** button တွင် Click နှိပ်လိုက်ပါ ။"Save as" box ကျလာပါမည်။





Save in နေရာတွင်ပုံအား ထည့်သွင်းသိမ်းဆည်းထားလိုသော folder အား ရွေးချယ်ပေးပါ။ သူ့အတိုင်း ထားလိုက ထားနိုင်ပါတယ်။အရေးကြီးတာက မိမိရွေးချယ်ခဲ့သည့် folder သည်ကွန်ပျူတာထဲက ဘယ်နေရာမှာရှိနေသလဲဆိုတာ ကိုတိတိကျကျမှတ်မိသိရှိနေဖို့လိုပါတယ်။ အတော်များများက download တော့ဆွဲတတ်တယ်။ပြီးသွားရင်ဘယ်နေရာရောက်သွားမှန်းမသိတာမျိုးတွေဖြစ်တတ်တယ်။**Save** button တွင် click တစ်ချက်နှိပ်ပါက fileအား စတင် သိမ်းဆည်းပြီးဖြစ်ပါလိမ့်မယ်။



### ERROR (သို့) download tikcet အတွက်ကြုံရနိုင်သောအခက်အခဲများ

rapidshare ထံမှ Free user အဖြစ်အသုံးပြုသူတို့အနေဖြင့် happy hour နှင့် dowload ticket ကို အမြဲတမ်း လွယ်လွယ်ကူကူ ရရှိနိုင်ကြမှာတော့မဟုတ်ပါဘူး။ အခက်အခဲ များစွာကြုံတွေ့ရနိုင်ပါသေးတယ်။ မကြာခဏကြုံတွေ့ရနိုင်တာကအခြားသူတစ်ဦးဦးမှ dowload လုပ်နေ၍ယခုအချိန်တွင် dowload လုပ်ခွင့်မပေးသေးပါဆိုတာမျိုးနှင့် dowload ticket ကိုရရှိရန် 130min (၂နာရီကျော်) စောင့်ဆိုင်းပါ ဆိုတာမျိုးဖြစ်ပါတယ်။




အဲဒီ ၂မျိုးထဲကတမျိုးမျိုးနှင့်ကြုံလာပြီဆိုရင် လတ်တလောဖြေရှင်းနိုင်မယ့်နည်းလမ်းကမကြာခဏ Refresh လုပ်ကြည့်ရန်ဖြစ်ပါတယ်။ Refresh လုပ်ခြင်းအားဖြင့် တချို့ချို့မှာ dowload ticket ရနိုင်မယ်။ သို့တည်းမဟုတ် dowload ticket ရရှိရန်အချိန်အနည်းငယ် (ဥပမာ - ၅မိနစ်၊ ၁၀မိနစ်) စောင့်ဆိုင်းပါဆိုတဲ့ အခွင့်အရေးမျိုးရရှိနိုင်ပါလိမ့်မယ်။


အလားတူ dowload ဆွဲမရနိုင်တဲ့အခြေအနေမျိုးနှင့်ထပ်ကြုံနေရသေးပါက Y‹ လို software မျိုးတွေသုံးပြီးကြိုးစားကြည့်မယ်ဆိုရင် happy hour နှင့် dowload tic‹ ကြုံပါလိမ့်မယ်။ **Freedom** အသုံးပြုနည်းလမ်းညွှန် (မြန်မာလို) အားဖတ်ရှုလေ့လာလို‹

1) http://www.mediafire.com/?zmlwzijbbcf မှတိုက်ရိုက် download ရယူနိုင်ပါတယ်။
2) myomyintthu.blogspot.com သို့သွားရောက်ဖတ်ရှုခြင်းဖြင့်ဖြစ်စေ၊ download ရယူခြင်း


## ချုံ့ထားသော RAR file အားပြန်ဖြည်ခြင်း

မိမိတို့အလိုရှိရာ file တွေကို download ဆွဲပြီး သွားတဲ့အခါ ပြန်မဖြည်ခင် အရေးအကြီးဆုံး သတိထားရမှာက ၄င်း file တွေသည် သူ့အရွယ်အစားအတိုင်းကွန်ပျူတာထဲသို့အပြည့်အဝရောက်မရောက် ဆိုတာပင်ဖြစ်ပါတယ်။ တစ်ခါတလေ ဖြစ်တတ်တာက မိမိကွန်ပျူတာထဲသို့ အပြည့်အဝမရောက်သေးခင် download completeဆိုပြီးတဝက်တပျက်နှင့်ရပ်သွားတတ်ပါတယ်။ အဲဒီလို fileတွေကိုပြန်ဖြည်ယူလို့မရပါဘူး။ အပြည့်အဝရောက်ရှိတာသေချာပြီဆိုရင် ပြန်ဖြည်ရန်အတွက် စတင် extract လုပ်လို့ရပါပြီ။

1 ) Extract လုပ်လိုသော RAR file ပေါ်တွင် ညာဘက် click နှိပ်ပါ။ ကျလာမည့် menu ထဲရှိ **extract here** တွင်click နှိပ်လိုက်ပါ။ စတင် extract လုပ်ပါလိမ့်မယ်။ လိုအပ်ပါက password တောင်းပါလိမ့်မယ်။




2 ) password ထည့်ပြီးချုံ့ထားသည့် file တွေကိုပြန်ဖြည်တဲ့အခါ ထိုနဂိုမူလ password ပြန်ထည့်ပေးရပါတယ်။ ဆွဲစဉ်အခါတုန်းက ကူးယူမှတ်သားထားသည့် password ထည့်ပြီး **OK** တွင် click နှိပ်လိုက်ပါ။




ထည့်သွင်းပေးခဲ့သော password မှန်ပါက WinRARမှစတင် extract လုပ်ပါလိမ့်မယ်။ ပြီးသွားပါကမူလ RAR file ရှိရာ folder နေရာထဲမှာပင် သုံးနိုင်ပြီဖြစ်တဲ့ဖြည်ပြီးသား file ကိုတွေ့ရပါမယ်။




## စိတ်ပိုင်းထားသော RAR file များကိုပြန်ဖြည်ခြင်း


WinRar ကို compress လုပ်ရန်တစ်မျိုးတည်းအတွက် မဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့်လည်းသုံးနိုင်ပါသေးတယ်။အထူးသဖြင့်မူလအရွယ်ထက်ငယ်အောင်ချုံ့ပြီးသော်လည်း အရွယ်အစားကြီးနေသေးသည့် file တွေကို download ဆွဲရန် အလွယ်တကူဖြစ်အောင်စိတ်ပိုင်းကြတဲ့နေရာမှာလည်း သုံးကြပါတယ်။

သည့်အတွက် အချို့သော application တွေ၊ ebook တွေကို download ဆွဲရန် part1,part2,part3...ဆိုပြီး download linkတစ်ခုထက်မကညွှန်ပြထားခြင်းမျိုးတွေလည်းရှိပါတယ်။




အဲဒီလို စိတ်ပိုင်းထားတဲ့ file မျိုးတွေဆွဲမယ်ဆိုပါက လေးပိုင်းရှိရင် လေးပိုင်းစလုံးစက်ထဲ အရင်ရောက်အောင် ဆွဲရပါမယ်။ အားလုံးစုံပြီဆိုမှ ပြန်ဖြည်ယူကြရပါမယ်။စိတ်ပိုင်းထားသည့် file တွေကို ပြန်ဖြည်ယူရန်အလွယ်ဆုံးနည်းလမ်းကတော့ ၄င်းတို့အားလုံးကို folder တစ်ခုတည်းအောက်မှာအတူတကွ ထားရှိရပါမယ်။

သဘောက လေးပိုင်းရှိရင် Part1၊ part2 ၊part3၊ part4 အစရှိတဲ့ file လေးခုစလုံးကို folder တစ်ခုထဲအောက်ရောက်အောင်ပို့ရပါမယ်။ပြီးရင် Part1 file ပေါ်တွင် ညာဘက် click နှိပ်ပြီး ပေါ်လာမည့် menu ထဲရှိ **extract here**တွင် clickနှိပ်လိုက်ပါ။




ကျန်သည့် Part2၊Part3၊Part4 တို့ကိုပါအလိုလျောက်ဆက်ဖြည့်သွားပြီးနောက်ဆုံးမှာတော့ အဆင်သင့် ယူသုံးနိုင်ပြီဖြစ်တဲ့ ဖြည်ပြီးသား fileတခုကိုတွေ့ရပါမယ်။



## လိုချင်တာကို **search** ဖြင့်ရှာဖွေခြင်း


Forum website တွေမှာကိုယ်ရချင်တာတွေရှာဖွေရန် Search ဆိုတာပါလေ့ရှိတယ်။ ရချင်တဲ့ Ebook တွေ၊ Software တွေ ရဲ့အမည်ကိုရိုက်ထည့်ပြီး ရှာဖွေနိုင်တယ်။ ကိုယ်ထည့်သွင်း ရှာဖွေသည့် အမည်ပါသော post တွေကိုတန်းစီ၍ result အဖြစ်ထုတ်ပေးပါတယ်။ သဘောက Page တစ်ခုချင်းစီဖွင့်၍ လိုက်ရှာစရာမလိုတော့သည့်အတွက် များစွာ အချိန်ကုန်သက်သာစေပါတယ်။

ဒါက ကိုယ်လိုချင်တဲ့ Software တွေ ၊ Ebookတွေ ရဲ့အမည်ကိုအတိအကျသိသော သူတွေ အတွက် ရှာဖွေရယူနိုင်ပုံဖြစ်ပါတယ်။ အချို့သော သူတွေအနေနဲ့ကျတော့ ဘယ်လို Software application သုံးရမလဲဆိုတာကိုမသိနိုင်ကြသည့်အတွက် အမည်အတိအကျထည့်သွင်းရှာဖွေဖို့ ခဲယဉ်းပါလိမ့်မယ်။

အဲဒီလို အတွေ့အကြုံနည်းနေသေးသည့် user တွေအတွက် လည်းငှင်း Search သည်များစွာ အဆင်ပြေစေပါတယ်။ ဥပမာဆိုရရင် ကိုယ်က ကွန်ပျူတာမှာရှိပြီးသား Window Media player အပြင် နောက်ထပ် player software တစ်ခု ထပ်သုံးချင်သေးတယ်၊ ဘယ် player ရှာသုံးရမယ်ဆိုတာအတိအကျ မသိရင် Search ထဲသွားပြီး player လို့ထည့်သွင်းရှာဖွေကြရုံဖြင့် ယနေ့လူသုံးများနေတဲ့ player တွေရဲ့ စာရင်းကိုရနိုင်ပါလိမ့်မယ်။ အဲဒီအထဲကမှ ကိုယ်စိတ်ကူးတည့်ရာတွေ download ရယူအသုံးပြုခြင်းဖြင့် ဘယ် player က ဘယ်လိုနေရာတွေမှာ သုံးဖို့သင့်တော်တယ်အစရှိသဖြင့် တဖြည်းဖြည်းပိုသိလာပြီး မိမိရဲ့ကွန်ပျူတာ အသုံးချနိုင်မှု skill လည်းတက်လာနိုင်မယ်ပေါ့။


ထိုနည်းလည်းကောင်းပါပဲ ကွန်ပျူတာထဲက မှားယွင်းဖျက်ထုတ်လိုက်မိတဲ့အချို့ file တွေပြန် လိုချင်တယ်။ ဘယ် tools သုံးပြီးပြန်ယူရမယ်မှန်းမသိဘူး။ အဲဒီလိုအခါမျိုးမှာ "recovery" လို့မျိုးထည့်သွင်း ရှာဖွေမယ်ဆိုရင် ဖျက်ပြီးသား ပျောက်ဆုံး file တွေပြန်လည်ရယူနိုင်တဲ့ Recovery tools တွေရဲ့အမည် ကိုသိလာနိုင်မယ်ပေါ့။ ဥပမာအနေနှင့် Player တစ်ခုလောက်ရှာဖွေကြည့်ရအောင်။

1 ) Search တွင် click တစ်ချက်နှိပ်လိုက်ပါ။





Search တွင်click တစ်ချက်နှိပ်ပါ


2 ) Keyword နေရာတွင် playerဟုရိုက်ထည့်ပါ။ forum နေရာတွင် Appz ကိုရွေးပေးပါ။ ဒါက Application software ရှာတာမို့ **Appz** ကိုရွေးခြင်းဖြစ်ပါတယ်။ အကယ်၍များ ebook ရှာတာဆိုရင် Ebookz ၊ Gameရှာတာဆိုရင် Gamez အစရှိသဖြင့် သက်ဆိုင်ရာ forum ကိုရွေးပေးရပါမယ်။




3 ) **Search** တွင် clickနှိပ်ရှာဖွေပါ။ ဒါဆိုရင် Application forumထဲမှ playerဆိုသည့်စကားလုံးပါသော postများကိုတန်းစီ ဖော်ပြပါလိမ့်မယ်။



4 ) ရှာဖွေရရှိလာသည့် postများစွာထဲကမှ မိမိလိုအပ်ချက်နှင့်ကိုက်ညီနိုင်မည်ဟုယူဆရသည့် postတစ်ခုပေါ်တွင် ရွေးချယ် click နှိပ်လိုက်ပါ။ ၎င်း player software နှင့်ပါတ်သက်သော information များပါသော Page ကိုမြင်ရပါမယ်။ Information များကို ဖတ်ရှုကြည့်ခြင်းအားဖြင့်ထို Application software အကြောင်းကို သိနိုင်သလို အခြား forum member တို့၏မှတ်ချက်များကိုဖတ်ရှုခြင်းအားဖြင့်လည်း မိမိနှင့်အသုံးတည့်မတည့်ဆုံးဖြတ်နိုင်စေပါလိမ့်မယ်။





5 ) Download လုပ်ရန်အတွက်ညွှန်ပြထားသော download link ကိုသွားပြီးရှေ့စာမျက်နှာ ( 17 ) မှာဖော်ပြထားသည့်အဆင့်များအတိုင်း လိုက်ပါလုပ်ဆောင်၍ရယူနိုင်ပါတယ်။

## Private Massage (PM)


Forum member အချင်းချင်း Private message ပို့လို့ရတယ်။ PM ဆိုတာက သူနဲ့ကိုယ် one by one နှစ်ဦးတည်းအပြန်အလှန် message ပို့ခြင်းဖြစ်ပါတယ်။ အလုပ်လုပ်ပုံက email နှင့် သဘောတရားဆင်တူတယ်။ ကိုယ်သိချင်တာလေးတွေကို message ပို့မေးပြီး မေးမြန်းခံရသူဘက်ကလည်း message ခြင့်တိုက်ရိုက်ပေးပို့ဖြေကြားမယ်ပေါ့။ အရေးကြီးတာက မိမိသည် PM ပို့ခွင့်ရှိသောသူဖြစ်ရပါမယ်။

အချို့သော Forum တွေမှာ account တစ်ခုရှိရုံဖြင့် PM ပို့ခွင့်ရှိတယ်။ အချို့မှာတော့ account ရှိရုံတင်မကပဲ ကိုယ်ကိုယ်တိုင် post အရေအတွက် ဘယ်နှစ်ခု (ဥပမာ - post ဆယ်ခု) တင်ပြီးမှ PM ပို့ခွင့်ရှိတယ် ၊ကိုယ်ပိုင်ခေါင်းစဉ်ဖြင့် Post ရေးတင်ခွင့်ရှိတယ်ဆိုတာမျိုး ကန့်သတ်ထားလေ့ရှိတယ်။ သိပ်ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး။ အခြား memberတစ်ဦးဦးမှ တင်ထားသည့် post ကိုဝင်ဖတ်ပြီး ကျေးဇူးတင်ကြောင်း ပြောရုံဖြင့် သတ်မှတ်ထားသည့် post အရေအတွက်ရနိုင်ပါတယ်။ သို့သော်ကိုယ်လိုတဲ့ post အရေအတွက် ပြည့်မီအောင် တစ်ထိုင်တည်းနှင့် တွေ့သမျှ post တွေလိုက်ဖွင့်ပြီးဝင်ရေးခြင်းမျိုး ကိုတော့မလုပ်သင့်ပါဘူး။ လူလည်လုပ်ရာကျပါတယ်။


Post တစ်ခုကို ဖွင့်ကြည့်လိုက်မယ်ဆိုရင် အပေါ်ဆုံးမှာ post တွင်းပါ အကြောင်းအရာနှင့် post တင်သူအမည်တို့ကို တွေ့ရပါမယ်။ သူ့အောက်မှာဆိုရင် ၄င်း post နှင့် ပတ်သက်ပြီး အခြား member များမှ ဝင်ရောက်မှတ်ချက်ပေးရေးသားချက်များကို တွေ့ရနိုင်ပါတယ်။




မိမိလည်း ဝင်ရောက်မှတ်ချက်ပေး ရေးသားချင်ရင် အောက်ခြေမှာရှိတဲ့ compose ထဲတွင် ရိုက်ထည့်ပါ။ ပြီးလျှင် **Submit** တွင် click တစ်ချက်နှိပ်လိုက်ပါ။





ခဏကြာလျှင် successfully ဆိုပြီး ဝင်ရေးခဲ့သမျှသောစာသားများကိုမြင်ရပါမယ်။ ထိုအတူမိမိ username နေရာမှာလည်း post အရေအတွက်တခုတိုးလာပါလိမ့်မယ်။ ဤနည်းဖြင့် ဆယ်ခါဝင်ရေးရင် ဆယ် post ရမယ်။ ထိုမှတဆင့်လိုအပ်သည့်အရေအတွက်ပြည့်မှီပြီး PM ပို့ခွင့် ရမယ်ပေါ့။





ဒါက PM ပို့ခွင့်ကို post အရေအတွက်ဖြင့်ကန့်သတ်ထားသည့် forum တွေအတွက်ဖြစ်ပါသည်။ အချို့ forum တွေမှာ post တင်စရာမလိုပဲ Account ရှိရုံဖြင့် PM ပို့ခြင်း၊ post တင်ခြင်းများ လုပ်လို့ရပါတယ်။


မည်သို့ပင်ဖြစ်ဖြစ် PM ပို့ခွင့်ရှိပြီဆိုရင် အရေးကြီးတာက ကိုယ် message ပို့ပြီးမေးမြန်းချင်သည့် လူရဲ့ username သိရပါမယ်။ ဒါ့အပြင် မိမိမေးချင်တာကို ပြန်လည်ဖြေကြားနိုင်စွမ်းရှိသည့် လူမျိုးလည်း ဖြစ်သင့်ပါတယ်။ Forumတိုင်းမှာအဲဒီ forum ကိုဦးစီးဦးဆောင်ပြုနေကြတဲ့ administrator တွေ၊ moderator တွေ senior member တွေ ဆိုတာရှိကြပါတယ်။သူတို့ကနဲ့နှံ့စပ်စပ်လည်းရှိတယ်၊ ကိစ္စအတော်များများကို ပြန်လည်ဖြေကြားနိုင်စွမ်းရှိကြတယ်။





Forumတော်တော်များများရဲ့အစIndex page မှာရှာကြည့်ပါ။ Administraton Moderator ဆိုပြီး အုပ်စုတွေရှိပါလိမ့်မယ်။ ဥပမာ Moderator ပေါ်တွင် Click နှိပ်လိုက်ပါ။ ဒါဆိုရင် Moderator အဆင့်ရှိသည့် username များနှင့် ၄င်းတို့၏ ကိုယ်ရေးအကျဉ်းများကို တွေ့ကြရပါမယ်။ အဲဒီအထဲကမှ အမည်တခုနှင့်သက်ဆိုင်ရာ **PM** buttonအပေါ်တွင် click နှိပ်လိုက်ပါ။



Email ပို့သကဲ့သို့ပင် compose page ကိုမြင်ကြရပါမယ်။ Subjectထည့်ပါ။ message area ထဲတွင် မေးလိုသမျှရေးပြီးလျှင် **Submit** တွင် click နှိပ်ပို့လိုက်ပါ။ ဆိုရရင် PM ပို့ခြင်းပြီးဆုံးသွားပါပြီ။





ပို့တဲ့ ကိစ္စပြီးပြီဆိုရင် လက်ခံတဲ့ အပိုင်းကိုဆက်ရအောင်။ တယောက်ယောက်က ကိုယ့်ဆီကို PM ပို့တာပဲဖြစ်ဖြစ်၊ ကိုယ်ပို့ခဲ့တဲ့ PM ကို reply ပြန်လို့ပဲဖြစ်ဖြစ် ၊ messageတစ်စောင်မိမိထံ ရောက်ပြီဆိုရင် Login ဝင်ပြီးတာနှင့် အပေါ်မှာ one new message ၊ two new message ဆိုပြီး တွေ့ရပါလိမ့်မယ်။ ၄င်းပေါ်တွင် Click နှိပ်ပါက မိမိထံပို့ထားသော message များကို တွေ့ရပါမယ်။




## 3 Request

ကိုယ်ရချင်တဲ့ E book တွေ ၊Game တွေ ၊ application တွေကို download Section အောက်မှာ ရှာမရရင် သီးခြား Request လုပ်ယူလို့ရပါတယ်။ သဘောက ကိုယ်ရချင်တဲ့ ၊ သိချင်တဲ့ အကြောင်းအရာတွေရေးပြီး Request section အောက်မှာ post တစ်ခုလှမ်းတင်ခြင်းဖြစ်ပါတယ်။ သိတဲ့ သူတွေက ဘယ်လိုရနိုင်မလဲဆိုတာကိုဝင်ရောက်ဖြေကြားပေးတတ်ကြပါတယ်။ ရှိတဲ့သူတွေက download link တွေပေးတတ်ပါတယ်။


1) ပထမဦးစွာ Request Section အောက် application၊ Movie၊game၊music အစရှိသည်တို့ထဲမှ ကိုယ်ရချင်တဲ့အပိုင်းနှင့်သက်ဆိုင်သော ခေါင်းစဉ်အောက်သို့သွားရပါမယ်။ဥပမာ Application ဆိုပါတော့





2) Appz Section အောက်မှ **New Topic** တွင် Click တစ်ချက်နှိပ်လိုက်ပါ။ Post တစ်ခုရေးသားပြင်ဆင်ရမည့် page ကိုမြင်ရပါမယ်။



3) Subject နေရာတွင် မိမိရလိုသောအကြောင်းအရာနှင့် ပတ်သက်၍မြင်ရုံမိစေသောအနှစ်ချုပ်စကားလုံး များ ကိုရိုက်ထည့်ပါ။ Bodyထဲတွင် ရိုးရှင်းလွယ်ကူသောအသုံးအနှုန်းများဖြင့် ဘာလိုချင်သလဲဆိုတာကို ပေါ်လွင်အောင် ရေးသားပါ။




စိတ်တိုင်းကျပြီဆိုရင် **Submit** တွင် Click နှိပ်လိုက်ပါ။ Request Section တွင်မိမိရေးတင်ခဲ့သော postသစ်တစ်ခုတိုးလာတာတွေ့ရပါမည်။




၄င်း post ကို မကြာခဏဖွင့်ဖတ်ကြည့်ပါ။ အခြား တစ်ဦးဦး၏ အကြံပြုဖြေကြားချက်များကို တွေ့ရတတ်ပါတယ်။


## Google ဖြင့် forum များကိုရှာဖွေခြင်း

အင်တာနက်ပေါ်မှာက အကြောင်းခြင်းရာမျိုးစုံတို့ပေါ်အခြေခံပြီး ဆွေးနွေးကြတဲ့ forum ပေါင်းများစွာရှိတယ်။လိုအပ်ချက်နှင့် ဝါသနာပေါ်မူတည်ပြီး တစ်ယောက်နှင့်တစ်ယောက် အကြိုက်မတူ နိုင်ကြသည့်အတွက် ဘယ် Forum website ကပိုကောင်းပါတယ်လို့အတိအကျပြောလို့မရပါဘူး။

ဖက်ရှင်ဒီဇိုင်း၊ စိုက်ပျိုးရေး၊ အချက်အပြုတ်အကြောင်းစိတ်ဝင်စားသည့် သူတွေကို ကွန်ပျူတာ၊ အင်တာနက် Forum တွေသွားညွှန်းရင် သူတို့အတွက် အသုံးမတည့်နိုင်ပါ။ အဲဒီတော့ အရေးကြီးတာက မိမိလိုအပ်ချက်နှင့် ကိုက်ညီတဲ့ Forum တွေကိုကိုယ်တိုင်ရှာဖွေတတ်ထားသင့်ပါတယ်။ ဒါတွေကို google ကကူညီနိုင်ပါလိမ့်မယ်။ (www.google.com)

Google ၏ search box ထဲတွင် ကိုယ်ရချင်တဲ့ အကြောင်းအရာစကားလုံးတို့နှင့်တွဲဖက်ပြီး အောက်ဖော်ပြပါ ပုံစံအတိုင်း ထည့်သွင်းရှာဖွေကြည့်ပါလား။ ကိုယ်ရဲ့လိုအပ်ချက်နှင့် အနီးစပ်ဆုံး ကိုက်ညီနိုင်မယ့် Forum website တွေရှာဖွေပေးနိုင်မယ်လို့ထင်ပါတယ်။

ဥပမာကိုယ်က bonzai လို့ခေါ်တဲ့ အပင်ပုလေးတွေစိုက်တာဝါသနာပါလို့ bonzai အကြောင်း ဆွေးနွေးတဲ့ forum တွေရှာချင်ရင် "bonzai forum" လို့ရိုက်ထည့်ကြည့်လိုက်ပါ။ဒါဆိုရင် bonzai အကြောင်း ဆွေးနွေးတဲ့ forum တွေရဲ့ list ကို ရနိုင်မယ်ပေါ့။ ထိုနည်းတူစွာပင် fashion အကြောင်းစိတ်ဝင်စားရင် "fashion forum"၊ ချက်နည်းပြုတ်နည်းစိတ်ဝင်စားရင် "receipe forum" ၊မော်တော်ကားအကြောင်း စိတ်ဝင်စားရင် "car forum" အစရှိသဖြင့် ပေါ့။




အဲဒီလိုရှာဖွေရရှိလာတဲ့အထဲက မှကိုယ့်ရဲ့လိုအပ်ချက်နှင့်ကိုက်ညီ သည့်အချို့သော forum တွေရဲ့ လိပ်စာတွေကိုမှတ်သားထားပြီး ဝင်ရောက်ရှာဖွေသုံးကြမယ်ဆိုရင်များစွာအကျိုးများပါလိမ့်မယ်။

## Upload လုပ်ခြင်း

အင်တာနက်လို့ဆိုလိုက်တာနှင့် download နှင့် Upload ဆိုတဲ့ အခေါ် (၂)ခုကို အသုံးပြုသူ အတော်များများအကျွမ်းဝင်ရင်းနှီးပြီးသားဖြစ်ကြပါလိမ့်မယ်။ အနည်းငယ်ပြန်ပြောင်းပြောပြရရင် download ဆိုတာကအခြားတနေရာရာ(ကွန်ပျူတာတလုံးလုံး၊ website တခုခု)ထံမှ data လို့ခေါ်တဲ့ ဓါတ်ပုံ၊ သီချင်း၊ ဗီဒီယို fileတွေကိုမိမိကွန်ပျူတာထဲသို့ဆွဲယူရင်အဲဒါ download ပဲဖြစ်ပါတယ်။ Uploadဆိုတာက download ရဲ့ဆန့်ကျင်ဘက် ။ မိမိကွန်ပျူတာထဲက data ကို အခြားကွန်ပျူတာ၊ website တနေရာရာသို့လှမ်းပို့ရင်အဲဒါ Uploadဖြစ်ပါတယ်။ အနီးစပ်ဆုံးပမာဏပေးရရင် email မှာ file တခုကို attach တွဲပို့ခြင်းသည်လည်း Upload လုပ်ခြင်းဖြစ်ပါတယ်။ ဒါက အခြေခံသဘောတရားကို ပြောခြင်းဖြစ်ပါတယ်။


ယခုဒီမှာဖော်ပြမယ့် Upload ကတော့မိမိကွန်ပျူတာထဲက file တွေကို website တစ်ခုထံသို့ လှမ်းပို့ထားခြင်းဖြစ်ပါတယ်။ ဘာအတွက် Upload လုပ်လေ့ရှိကြသလဲလို့ဆိုရင် အဓိကကတော့ sharing အတွက်ပဲဖြစ်ပါတယ်။ ဆိုရရင်မိမိမှာရှိတဲ့ ebook file တစ်ခုကို website တစ်ခုထံသို့ Upload လုပ်ပြီးပို့ထားလိုက်မယ်။ ပြီးရင်အဲဒီ file ရှိရာလိပ်စာ (URL) ကို မိမိအပေါင်းအသင်းတွေထံ အသိပေးလိုက်မယ်ဆိုရင် ရချင်တဲ့သူတွေက ထိုလိပ်စာနေရာသွားပြီး ebook file ကိုရယူနိုင်ကြပြီပေါ့။

သဘောက ရှေ့က forum တွေမှာ တုန်းကလိုပဲ download link လေးပေးထားလိုက်မယ်။ လိုချင်တဲ့သူတွေ သွားယူနိုင်ကြမယ်ပေါ့။ အဲဒီလို သူများတွေ shareပေးသုံးသလို ကိုယ်မှာရှိတာလေးတွေ မျှဝေပေးချင်ရင် ပေးနိုင်အောင် Upload လုပ်တတ်ဖို့လိုတယ်။


အရေးကြီးတာက ဘယ် websiteတွေဆီကိုပို့ပြီး လုပ်ကြမှာလဲ။ အင်တာနက်ပေါ်မှာ file တွေကို လက်ခံထိန်းသိမ်း hostလုပ်ပေးသည့် serviceပေးသော websiteတွေရှိပါတယ်။ ၄င်းတို့ကို file hosting siteတွေလို့ခေါ်ကြပါတယ်။ www.rapidshare.com တို့၊ www.megaupload.com တို့၊ www.zshare.com တို့၊ www.mediafire.com တို့ အစရှိသဖြင့် များစွာပေါ့။ အဲဒီအထဲကမှ အခကြေးငွေပေးစရာမလိုပဲ အဆင်ပြေသည့် www.mediafire.com ဖြင့် Upload လုပ်ပုံများကို ဖော်ပြသွားပါမယ်။

Upload မလုပ်ခင်ဘယ် ကို Upload လုပ်မှာလဲနှင့် ၄င်း file သည် ကွန်ပျူတာထဲက ဘယ်နေရာမှာရှိသလဲဆိုတာကို သိရပါမယ်။ နောက်တခုလိုအပ်ချက်က file ရဲ့အရွယ်အစားဖြစ်ပါတယ်။ Upload ပဲဖြစ်ဖြစ်၊ downloadပဲဖြစ်ဖြစ် file transfer လုပ်တဲ့နေရာမှာ အရွယ်အစားငယ်လေမြန်လေ ဖြစ်ပါတယ်။ သည့်အတွက် မူလအရွယ်ထက်ငယ်အောင် Zip တို့၊ RAR တို့ဖြင့်ချုံ့ပြီးမှ Upload လုပ်သင့်ပါတယ်။ ( RAR ဖြင့်ချုံ့ပုံကိုသီးခြားဖော်ပြပါမယ်။)


1) Internet Explorerရဲ့ address barတွင် www.mediafire.com ဟုရိုက်ထည့်ပါ။အောက်ဖော်ပြပါ ပုံအတိုင်း www.mediafire.com ရဲ့ webpage ပဲဖြစ်ပါတယ်။ အခု page မှာကတည်းကိုက upload လုပ်ဖို့ရန် Upload file to Mediafire ဆိုတာကိုတွေ့ရပါမယ်။ပထမဦးစွာ upload လုပ်လိုသော file ကိုညွှန်ပြပေးဖို့ရန် Browse တွင် click တစ်ချက်နှိပ်ပါ။





2) "Choose file" box တွင် upload လုပ်လိုသော fileကိုရွေးချယ်ပြီး Open တွင် click တစ်ချက်နှိပ်လိုက်ပါ ။ ဒါဆိုရင် mediafire မှာဘယ် file ကို upload လုပ်မလဲဆိုတာကိုရွေးချယ် ညွှန်ပြပြီးဖြစ်ပါလိမ့်မယ်။




2) upload လုပ်လိုသော fileကိုရွေးချယ်ပြီး၍ အဆင်သင့်ဖြစ်ပြီဆိုရင် upload file တွင် click တစ်ချက်နှိပ်လိုက်ပါ။





အောက်ဖော်ပြပါပုံကတော့ စတင် upload လုပ်တဲ့အခါမြင်ကြရမယ့်ပုံပဲဖြစ်ပါတယ်။ upload ကြာချိန်ကတော့ file size နှင့် connection speed တို့ပေါ်မူတည်ပါလိမ့်မယ်။




Upload progress နှင့် Verifying progress ဆိုပြီးအဆင့်နှစ်ဆင့်ရှိတယ်။ upload ပြီးတာနှင့် verifying ဆက်လုပ်လိမ့်မယ်။ အောင်မြင်ပြီဆိုရင် "1 file uploaded successfully" ဆိုတဲ့ message ပေါ်လာပါမည်။





အရေးကြီးတာက sharing URLနေရာက လိပ်စာပဲဖြစ်ပါတယ်။ ၄င်းလိပ်စာသည် မိမိ upload လုပ်ထားသော file ရှိရာနေရာပင်ဖြစ်ပါတယ်။ အခြားသူတစ်ဦးဦးကို မျှဝေလိုတယ်ဆိုရင် ထိုလိပ်စာကို ပေးလိုက်ရုံဖြစ်ပါတယ်။ copyကူးယူထားလိုက်ပါ။ ထိုလိပ်စာသို့သွားရောက်တာနှင့် www.mediafire.com သို့ရောက်ရှိသွားပြီး download ရယူနိုင်ကြပါတယ်။




## အရွယ်အစားကြီးမားသော file များ၊folder များကို RARဖြင့်ချုံ့ခြင်း

ယခုဆက်လက်ပြီး WinRARဖြင့် file များ၊ folder များအား မူလအရွယ်ထက်ငယ်အောင် ချုံ့ယူပုံအဆင့်ဆင့်တို့အား ဖေါ်ပြသွားပါမယ်။ WinRAR ဖြင့်file တဖိုင်လ်ချင်းစီကိုချုံ့လို့ရသလို၊ file တွေကို folder တစ်ခုထဲအောက် စုထည့်ပြီး ချုံ့ကြမယ်ဆိုရင်လည်းရပါတယ်။ လုပ်ဆောင်ပုံများမှာလည်း အတူတူပင်ဖြစ်ပါတယ်။ဒီနေရာမှာတော့ နှစ် ဖိုင်လ် ၊သုံးဖိုင်လ် လောက်ကို folder တစ်ခုထဲအောက်စုထည့်ပြီး ချုံ့ယူပုံများကိုဖေါ်ပြသွားပါမယ်။


1) ပထမဦးစွာ file များကို folder တခုအောက်မှာစုထည့်ထားလိုက်ပါ။ပုံမှန်အားဖြင့် ချုံ့ပြီးသွား၍ရလာမည့် rar file အမည်သည် folder အမည်တိုင်းပင်ဖြစ်ပါလိမ့်မယ်။ သည့်အတွက် folder အမည်ကို ကိုယ်ရချင်သလို ပေးထားနိုင်ပါတယ်။




2 ) Compress လုပ်လိုသော folderပေါ်တွင်ညာဘက် click နှိပ်ပါ။ ကျလာမည့် menu ထဲရှိ **Add to Archive** တွင်click နှိပ်လိုက်ပါ။ WinRARပွင့်လာပါလိမ့်မည်။




3) Compress လုပ်ပြီး၍ရလာမည့် rar file နေရာကိုပြောင်းထားလိုပါက Browse တွင်နှိပ်ပြီး ပြောင်းနိုင်ပါတယ်။ ဒီအတိုင်းထားရင်တော့ ခုနက folder နေရာမှာပင်ဖြစ်ပါလိမ့်မယ်။





ယခုအချိန် OK တွင် နှိပ်မည်ဆိုပါက စတင် compress လုပ်ပြီး DNS Server.rar အမည်ဖြင့် Rar file တစ်ခုရရှိပါလိမ့်မယ်။ သို့သော်ဒီနေရာမှာ စိတ်ပိုင်းပြီးချုံ့ပုံကိုဖေါ်ပြလိုပါသေးတယ်။ စိတ်ပိုင်းပြီး ချုံ့ချင်ရင် ကိုယ်ရချင်တဲ့ အပိုင်းတစ်ပိုင်းချင်းစီရဲ့အရွယ်အစားကို Split to volume နေရာတွင်ထည့်သွင်းပေးကြရပါမယ်။ အခြေခံယူနစ်က Byte ဖြစ်ပါတယ်။


ဥပမာအနေနှင့် ပိုင်းကြည့်ရအောင် ။ မိမိ folder (DNS Server) ရဲ့အရွယ်အစားသည် 18.3MB(19,218,432 Bytes) ဖြစ်ပါတယ်။ ရလာမည့် တစ်ပိုင်းချင်းစီရဲ့အရွယ်ကိုသည် 6MB (6406114 Bytes)ထက်မပိုချင်ရင် ထိုပမာဏကို Split to volumes နေရာတွင်ထည့်ကြရပါမယ်။



နောက်တခါ password ခံပုံကို ဖေါ်ပြပါဦးမည်။ Advanced တွင် Click နှိပ်လိုက်ပါ။ ထို့နောက် **Set password** တွင် Click နှိပ်လိုက်ပါ။ password ထည့်ပြီးလျှင် **OK**တွင်Click နှိပ်လိုက်ပါက password box ပျောက်သွားပါလိမ့်မည်။




2) ဒါဆိုရင် compress လုပ်ဖို့အဆင်သင့်ဖြစ်ပါပြီ။ မူလ WinRAR Archive ရှိ **OK** button ပေါ်တွင် click နှိပ်ပါ။ စတင် compressလုပ်ပါလိမ့်မယ်။ ပြီးသွ တဲ့အခါ စိတ်ပိုင်းထားသော rar file များကို တွေ့ကြရပါမယ်။



# Advanced Guide to Using Internet

## ( PART TWO )

# BLOGGING

- ကိုယ်ပိုင် Blog တစ်ခုဖန်တီးတည်ဆောက်ပုံ အဆင့်ဆင့်
- Postများရေးတင်ပုံအဆင့်ဆင့်တို့နှင့် ပြန်လည်ဖြည့်စွက်ခြင်းများ
- မိမိ Blog ဒီဇိုင်းကိုပြောင်းလဲအသုံးပြုပုံများ ၊ Page Element လို့ခေါ်တဲ့ အဆင်တန်ဆာများ ထပ်တိုးထည့်သွင်းခြင်းများ

## Blog (WEB LOG)

Blog တို့သည် website များကဲ့သို့ပင်ဖြစ်ပါသည်။ ဆိုရရင် website များမှာကဲ့သို့ Blog တစ်ခုမှာလည်း အခြားမည်သည့် blog တို့နှင့်မတူနိုင်တဲ့ ကိုယ်ပိုင်လိပ်စာ (URL) တစ်ခုစီရှိကြပါတယ်။ Page တစ်ခုကနေ အခြား Page တစ်ခုကို ကူးပြောင်းကြည့်ရှုနိုင်တဲ့ hyperlinkတွေပါရှိကြပါတယ်။ ဒါက အခြေခံအကျဆုံးတူညီချက်တွေကိုပြောတာပါ။ သဘောတရားအားဖြင့် အနည်းငယ်ကွဲလွဲမှုလေးတွေတော့ ရှိပါတယ်။

အဓိကအားဖြင့် websiteတို့တွင် ရေးသားဖော်ပြထားသော အကြောင်းအရာတို့နှင့်ပတ်သက်ပြီး ဝင်ရောက်ဖတ်ရှုသူများအနေနှင့် ပါဝင်ဆွေးနွေးခွင့်မရှိပါဘူး။ ဝင်ရောက်ဖတ်ရှုနိုင်ရုံသက်သက်ဖြစ်ပါတယ်။ သို့သော် Blog တွင် ပါဝင်ရေးသားချက်များပေါ်မှာ စိတ်ဝင်စားရင် ဖတ်ရှုသူတို့ကိုယ်တိုင် ဝေဖန်ဆွေးနွေး comment ဝင်ရေးနိုင်ပါတယ်။ သိလိုသမျှကိုလည်း မေးမြန်းနိုင်ကြပါတယ်။ သဘောက ရေးသူနှင့် ဖတ်သူတို့ကြားမှာ အပြန်အလှန် ဆက်သံရေးရှိတယ်လို့ဆိုနိုင်ပါတယ်။

ဒါ့ပြင် Website တစ်ခုကို ဖန်တီးသကဲ့သို့ ငွေကုန်ကြေးကျမရှိခြင်း၊ web designer မလိုဘဲ မိမိဖာသာ အချိန်မရွေးဖန်တီးနိုင်ခြင်း၊ အလွယ်တကူ updateလုပ်နိုင်ခြင်းတို့သည်လည်းBlogရေးသားမှု ကျယ်ပြန့်လာခြင်းရဲ့ အကြောင်းတရားများဖြစ်ပါတယ်။

## Online blogging tools

အင်တာနက်ပေါ်မှာ online blogging tools လို့ခေါ်တဲ့ Blog ဝင်ရောက်ရေးသားနိုင်သော website တွေများစွာရှိပါတယ်။ အနည်းငယ်ထုတ်နုတ်ပြရရင် Blogger ၊ Blog city ၊ Word press ၊ Yahoo 360 ၊ MSN spaces ၊Six Apart ၊ Expression Engine ၊ Live Journal ၊ Typepad တို့အစရှိသဖြင့်ပေါ့။ အဲဒီအထဲကမှ ဘယ် tools ကတော့ပိုကောင်းပါတယ် ဆိုတာမျိုး ပြောဖို့ရန်ခက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ toolsတော်တော်များများသည် Blog တစ်ခုဖန်တီးဖို့ရန်အခြေခံ လိုအပ်ချက်တွေဖြစ်တဲ့ Postတင်ခြင်း၊ ဓါတ်ပုံဗီဒီယို၊ သီချင်းခွေတွေကို တင်ခြင်း၊ မိမိ Blog ၏ဒီဇိုင်းကိုနှစ်သက်သလို ရွေးချယ်နိုင်ခြင်း၊ comment ရေးခြင်းအစရှိသည့် လုပ်ငန်းစဉ်များကို အလွယ်တကူ လုပ်ဆောင်နိုင်စေပါတယ်။ တနည်းဆိုရရင်အခြေခံလိုအပ်ချက်တွေကို အလွယ်တကူ အသုံးပြုနိုင်အောင် တည်ဆောက်ထားကြပါတယ်။

ဒီလမ်းညွှန်စာအုပ်မှာတော့ online toolsတစ်ခုဖြစ်တဲ့Google ၏ Bloggerဖြင့် blog ရေးပုံများကိုဖော်ပြသွားပါမယ်။ Bloggerကိုရွေးချယ်ရခြင်းက အင်တာနက်ပေါ်မှာ လူသုံးအများဆုံး online tools တစ်ခုဖြစ်ခြင်းကလည်း တစ်ကြောင်းအပါအဝင်ဖြစ်ပါတယ်။ ဒါ့အပြင် Google မှပေးသော serviceတစ်ခု

ဖြစ်သည့်အတွက် Google ၏ ဟန်ပန်အတိုင်းပင် အမြင်ရိုးရှင်းပြီး အသုံးပြုရ လွယ်ကူစေခြင်း၊ အခမဲ့ အသုံးပြုနိုင်ခြင်း၊ ယနေ့ခေတ်ပေါ် Browser (IE|Mozilla) တို့နှင့် ကောင်းစွာ အလုပ်လုပ်နိုင်ခြင်း အစရှိသော အားသာချက်များကြောင့်လည်း ရွေးချယ်ရခြင်းဖြစ်ပါတယ်။

| | | |
|---|---|---|
| Blogger | - | www.blogger.com |
| MSN spaces | - | spaces.Live.com |
| Six Apart | - | www.sixapart.com |
| Express Engine | - | www.expressionengine.com |
| Live Journal | - | www.livejournal.com |
| Typepad | - | www.typepad.com |

## Anatomy of a BLOG (BLOG တို့၏အစိတ်အပိုင်းများ)

### Blog title &Description

blog title ဆိုတာကစာအုပ်အမည်တို့နှင့် သဘောတရားချင်းဆင်တူတယ်။စာအုပ်နာမည်ကို ကြည့်ခြင်းအားဖြင့်ဒီစာအုပ်သည်တက်ကျမ်းလား၊ဟာသလား၊ဘဝသရုပ်ဖော်လား ဆိုတာကိုအလွယ်တကူ ခွဲခြားသိနိုင်ကြပါတယ်။ ဒီအတိုင်းပါဘဲ Blog title နှင့် description ကိုကြည့်ခြင်းအားဖြင့် သတင်းအဖြစ်အပျက်တွေကို ဦးစားပေးတဲ့ Blog လား၊ရသစာတမ်းတွေဦးစားပေးတဲ့ Blog လားဆိုတာ ကိုဝင်ရောက်ဖတ်ရှုသူများအားသိစေနိုင်ရန်ဖြစ်ပါတယ်။

### Post

Blog ရဲ့အသက်သည် post များဖြစ်ပါတယ်။ Blog ထဲမှာအကြောင်းအရာတစ်ခုခုကို ရေးပြီးတင်သမျှကို postလို့ဖော်ပြပါတယ်။သဘောကအကြောင်းအရာတခုကိုတစ်ကြိမ်ရေးတင်တိုင်း Blog ထဲမှာ postတစ်ခုတိုးပါတယ်။ Blog တစ်ခုမှာ post အရေအတွက် ဘယ်လောက်ပဲရှိရမယ် ဆိုတဲ့ ကန့်သတ်ချက်မရှိပါဘူး။ ရေးတင်တဲ့အကြိမ်များရင်များနိုင်သလောက် postအရေအတွက်များပါလိမ့်မယ်။


### Comments

Blogဖတ်သူတွေအနေနှင့် post တွင်ပါအကြောင်းအရာနှင့် ပါတ်သက်ပြီး ဝေဖန်ဆွေးနွေးခြင်း၊ သိလိုသမျှထပ်ဆင့်မေးမြန်းခြင်းများကို ဒီနေရာကနေတဆင့်သွားပြီး ဝင်ရောက်ရေးသားနိုင်ကြပါတယ်။ အချို့

Blog တွေမှာ Annonymous user အနေနဲ့မည်သူမဆို ဝင်ရောက်ရေးသားနိုင်ကြပေမယ့် အချို့မှာတော့ Register လုပ်ပြီးမှဝင်ရောက်ရေးသားခွင့်ရှိပါတယ်။

## Page elements


Page elementsတွေဆိုတာက webpage တို့ရဲ့အဆင်တန်ဆာများပဲဖြစ်ပါတယ်။ ၎င်းတို့ကိုညီညွတ်မျှတအောင်ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် မိမိ blog စာမျက်နှာအားပိုမိုနှစ်သက်ဖွယ် ဖြစ်စေပါလိမ့်မယ်။စာမျက်နှာ တွင်ကြည့်ပါ။



## Blogger ဖြင့် blog ရေးရန် ဘာတွေလိုမလဲ

ပုံမှန်အားဖြင့် blog ရေးချင်ရင် ရေးချင်တဲ့ website မှာ register အရင်လုပ်ရတယ်။ ပြီးမှ စရေးလို့ရတယ်။ ဆိုရရင် multiply မှာရေးချင်ရင် www.multiply.com ကိုသွား။ ထုံးစံအတိုင်း email လိပ်စာပေးပြီး register လုပ်၊ ပြီးရင် စရေးလို့ရပြီ။ Blogger မှာလည်း ယေဘုယျအားဖြင့် ထိုနည်းအတိုင်းပါပဲ။

သို့သော် မိမိမှာ Gmail Account တစ်ခုရှိမယ်ဆိုရင်တော့ Blogger မှာ Register လုပ်စရာမလိုပဲ တန်းရေးလို့ရတယ်။ သဘောက Blogger သည် google ကပေးတဲ့ service၊ Gmail သည်လည်း google ကပေးတဲ့ service ဖြစ်သည့်အတွက် Gmail Account ရှိသူတိုင်းကို Google မှာ Register လုပ်ပြီးသားလို့ ယူဆပါတယ်။ သည့်အတွက် ထပ်မံ၍ Register လုပ်ရန်မလိုပါ။ www.blogger.com သို့သွားပြီး Gmail မှာအသုံးပြုသည့် username နှင့် password တို့ကိုရိုက်ထည့်ပြီး ဝင်ရောက်ရေးသားကြရုံဖြစ်ပါတယ်။




နောက်တစ်ခုလိုအပ်ချက်က Font ဖြစ်ပါတယ်။ Blog ကို မြန်မာလို ရေးချင်သူတွေ အနေနှင့် မိမိသုံးသည့် စက်ထဲမှာ မြန်မာစာယူနီကုဒ် တစ်ခုခုကို ထည့်သွင်း install လုပ်ထားဖို့လိုပါတယ်။ သို့မှသာ Blog ကိုမြန်မာလိုရေးနိုင်ဖတ်နိုင်ကြမှာဖြစ်ပါတယ်။ ယနေ့ blog တွေကို မြန်မာလိုရေးတဲ့နေရာမှာ အသုံးများဆုံးမြန်မာစာ Unicode font က ZawGyi ပါလို့ပြောလို့ရပါတယ်။ သူ့ကိုအခကြေးငွေ ပေးစရာ

မလိုပဲ Free download ရယူအသုံးပြုနိုင်ခြင်း၊ install လုပ်ရလွယ်ကူခြင်း၊ "ctrl +shift" Key တွဲလေး နှိပ်ရုံဖြင့် မြန်မာနှင့်အင်္ဂလိပ်ကို အလွယ်တကူ ကူးပြောင်းစာစီနိုင်ခြင်းများ အပါအဝင် အခြားအားသာ ချက်များ စွာရှိပါတယ်။ သည့်အတွက် မြန်မာလိုရေးမယ်လို့များ စိတ်ကူးရှိရင် ဇော်ဂျီကို စမ်းသုံးကြည့်ပါလို့ အကြံပေး လိုက်ပါရစေ။


ZawGyi Unicode installerကို **http://www.alpha.com.mm/blogday/index.html** မှာသွားရောက် download ရယူနိုင်ပါတယ်။




**Download Now** တွင် Clickနှိပ်လိုက်ပါက "download" box ကျလာမည်။ **Save**တွင် Click နှိပ်ပြီး download ရယူထားလိုက်ပါ။



Download ဆွဲယူခဲ့သော installer file ပေါ်တွင် double click နှိပ်ဖွင့်ပြီး ပေါ်လာသော ညွှန်ကြားချက်များအတိုင်းလိုက်ပါ install လုပ်သွားလိုက်ပါ။




Install ပြီးသွားရင် Task bar ပေါ်တွင် language bar ပေါ်လာပါမည်။ ၄င်း language bar ထဲတွင် English ဟုပေါ်နေချိန်တွင် စာရိုက်မည်ဆိုပါက အင်္ဂလိပ်လိုစာစီစာရိုက်ခြင်းဖြစ်ပါတယ်။




Language Bar

မြန်မာလိုရိုက်ချင်လျှင် Keyboard မှ "ctrl +shift" ကိုတွဲနှိပ်ပါ။ ဒါဆိုရင် language tools ထဲမှာ Alpha Zawgyi ဟုပြောင်းသွားပါမည်။ ယခုချိန်စာရိုက်မည်ဆိုပါကမြန်မာလိုစာရိုက်ခြင်းဖြစ်ပါတယ်။




Language Bar

ဤနည်းဖြင့်"ctrl+shift"တွဲနှိပ်၍မြန်မာမှအင်္ဂလိပ်၊အင်္ဂလိပ်မှမြန်မာ အပြန်အလှန်ပြောင်းလဲ စာစီနိုင်ကြပါတယ်။

မှတ်ချက်။ ။ZawGyi၏မူရင်းwebsiteလိပ်စာသည် www.zawgyi.net ဖြစ်ပါတယ်။ ၄င်းလိပ်စာသို့တိုက်ရိုက်သွားရောက်ပြီးညွှန်ကြားချက်များဖတ်၍ download လုပ်ကြမယ်ဆိုရင်လည်းရပါတယ်။

## Blog တစ်ခုတည်ဆောက်ခြင်း

မိမိမှာ Gmail Account တစ်ခုရှိပြီ၊ မြန်မာလို စာစီနိုင်ရန်အတွက် ZawGyi font ကိုလည်း installပြီးခဲ့ပြီဆိုရင် ကိုယ်ပိုင်blogတစ်ခုကိုစတင်ဖန်တီးနိုင်ကြပါပြီ။ blog တစ်ခုတည်ဆောက်ဖို့ရန် လုပ်ဆောင်ရမည့်အဆင့်များကိုအောက်ဖော်ပြပါခေါင်းစဉ်များဖြင့် ဖော်ပြသွားပါမယ်။

Step1) Sign in to blogger

Step2) Display Name (or) Author name

Step3) Name your blog

Step4) Choose Your Template

Step5) Publish Your first POST

### **Step1)** Sign In to Blogger

မိမိမှာ GmailAccount တစ်ခုရှိပြီဆိုရင်Blogတစ်ခုဖန်တီးရန်အတွက် www.blogger.com မှာ Sign Inလုပ်ရပါမယ်။ သွားပုံက Browser program တစ်ခုဖြစ်တဲ့ IE ၏ address bar တွင် www.blogger.com ဟုရိုက်ထည့်ပြီး Enter Key ကိုနှိပ်ပါ။ Blogger home page၏ အပေါ် ညာဘက်ထောင့်တွင် "Sign In" area ကိုတွေ့ရပါမယ်။





Email နေရာတွင် Email Address (ဥပမာ - myomyintthu7@gmail.com)၊ password နေရာတွင်၎င်း email password တို့ကိုရိုက်ထည့်ပါ။ပြီးလျှင် Keyboard မှEnterကိုနှိပ်ပါ(သို့)

**SIGN IN** တွင် Click နှိပ်ပါ။ သဘောက emailအသုံးပြုရန်ဝင်ရောက်သကဲ့သို့ပင်ဖြစ်ပါတယ်။

မှတ်ချက်။ ။မိမိထည့်သွင်းသည့် Email နှင့် password တို့မှားယွင်းပါက ပြန်လည်ထည့်သွင်းပေးဖို့ရန် တောင်းခံပါလိမ့်မယ်။

## Step2) Display Name (or) Author name

မိမိထည့်သွင်းသည့် Email နှင့် password တို့မှန်ကန်ပါကSignupလုပ်ဖို့ရန်တောင်းခံပါလိမ့်မယ်။ Display name နေရာတွင် မိမိနှစ်သက်ရာအမည်ကိုရိုက်ထည့်ပါ။ ဒီနေရာမှာ ထည့်သွင်းပေးလိုက်တဲ့ အမည်ကို Blog မှာတင်သမျှ post တို့၏အောက်ခြေတွင်ဖော်ပြမှာဖြစ်ပါတယ်။ သဘောက post ရေးသူ အမည်(ဝါ)ကလောင်အမည်ဖြစ်ပါတယ်။သည့်အတွက် အမည်ဝှက်နှင့်ရေးချင်ရင် မိမိအမည်ရင်း အစား အခြားအမည်ဝှက်တစ်ခုထည့်သွင်းရပါမည်။




Display name ထည့်သွင်းခဲ့ပြီးပြီဆိုရင် ရှေ့ဆက်သွားဖို့ရန်အတွက် blogger မှထုတ်ပြန်သော Term of Service တွေကိုလက်ခံသဘောတူရပါမယ်။ Term of service ဘေးရှိ Check box တွင် အမှန်ခြစ်ပေါ်အောင် Click တချက်နှိပ်ပါ။ပြီးလျှင် **Continue** button တွင် Click နှိပ်လိုက်ပါ။

မှတ်ချက်။ ။ ယခုထည့်သွင်းပေးခဲ့သည့် Display name အတိုင်းပင် အမြဲတမ်းသုံးရတော့မည်ဟု မစိုးရိမ်ပါနှင့်။ blog တစ်ခုအစအဆုံးဖန်တီးပြီးသွားသည့်နောက်ပိုင်း DN ကိုအချိန်မရွေး မိမိနှစ်သက်သလိုပြောင်းလဲရေးသားနိုင်ကြပါတယ်။

**Step3)** Name your Blog

ဒီအဆင့်မှာတော့ blog title နှင့် URL လို့ခေါ်တဲ့မိမိ blogလိပ်စာတို့ကို သတ်မှတ်ထည့်သွင်းပေးရပါမယ်။





Blog title

စာအုပ်အမည်တို့နှင့်သဘောတရားတူပါတယ်။ blog title ကို မြင်ကြရုံဖြင့် အထဲမှာဘယ်လိုအကြောင်းအရာတွေရေးသားထားမလဲဆိုတာကို မှန်းမိနိုင်စေပါကပိုကောင်းပါတယ်။ နစ်သက်ရာအမည်ကိုရိုက်ထည့်ပါ။ titleကိုမြန်မာလို ပေးချင်ပါက လည်းပေးနိုင်ပါတယ်။





URL (or) Blog Address


Blog လိပ်စာကိုရွေးချယ်တဲ့နေရာမှာမိမိ blog ကို ဖတ်သူတို့အနေနှင့် မှတ်မိလည်းလွယ်ရမယ်၊ ရိုက်လို့လည်းလွယ်ရမယ့် အမည်မျိုးဖြစ်သင့်ပါတယ်။ အများအားဖြင့် မိမိနာမည်(သို့) blog title ကိုပင်ပြန်ပေးကြလေ့ရှိပါတယ်။ အရေးကြီးတာက လိပ်စာကို အင်္ဂလိပ်လိုသာပေးရပါမည်။ အထူးသတိပြုပါ။




မိမိရွေးချယ်ထည့်သွင်းမည့်စကားလုံးတို့၏နောက်တွင် blogspot.com ပါရှိမည်ဖြစ်ရာ မိမိ blog လိပ်စာအပြည့်အစုံသည် http://myomyintthu.blogspot.com ဖြစ်ပါလိမ့်မယ်။Blog Address တစ်ခုသည် အခြားမည်သည့် addressတို့နှင့်မှမတူညီနိုင်သည့် ကိုယ်ပိုင်လိပ်စာဖြစ်ကြရပါမယ်။ သည့်အတွက် မိမိအလိုရှိရာအမည်ပါလိပ်စာအတိုင်း ရနိုင်မရနိုင်ဆိုတာကို စစ်ဆေးကြရပါမယ်။ Check Availability တွင် Click နှိပ်ပြီးစစ်ဆေးပါ။ အခြားသူတဦးဦး၏လိပ်စာနှင့်တူနေပါက ပြောင်းခိုင်းပါလိမ့်မယ်။





လိပ်စာတူရှိနေရင် အနီရောင်စာလုံးတွေနှင့် not available ဆိုပြီးမြင်ရပါမယ်။ ဒါအပြင်ယူသုံးလို့ရနိုင်တဲ့အမည်တွေကိုအကြံပြုဖော်ပြထားလိမ့်မယ်။ အဲဒီအမည်တွေထဲက တခုခုကို Click နှိပ်ပြီး ရွေးချယ်သုံးနိုင်တယ်။ မကြိုက်ဘူးဆိုရင် စိတ်တိုင်းကျအမည်တခုကို ထပ်ရိုက်ထည့်ပြီး Check Availability ဖြင့်ထပ်မံစစ်ဆေးကြရမယ်။ လိပ်စာတူမရှိပါက "available" ဆိုတာကိုမြင်ကြရမယ်။ ရှေ့ဆက်သွားရန် အတွက် continue တွင် Click တစ်ချက်နှိပ်ပါ။





မှတ်ချက်။ ။Title ပဲဖြစ်ဖြစ်၊ Address ပဲဖြစ်ဖြစ် နောက်ပိုင်းမှာပြောင်းနိုင်တယ်။ Address ပြောင်းမယ်ဆိုရင် သတိပြုရမှာက မိမိ blog ဝင်ရောက် ဖတ်ရှုသူတွေ မျက်ခြေပြတ်သွားနိုင်တယ်။

## Step4) Choose Your Template


Templateဆိုတာမိမိ Blogရဲ့ design ၊တနည်းဆိုရရင် webpage ရဲ့ design ဖြစ်ပါတယ်။ အဖြူရောင်နောက်ခံ၊ အစိမ်းရောင်နောက်ခံ ၊ အမည်းရောင်နောက်ခံအစရှိသဖြင့်ပေါ့။ blogger မှာအဆင်သင့်ယူသုံးနိုင်တဲ့ template များစွာပါရှိပါတယ်။ ကိုယ်ရဲ့ Blog ကိုအစိမ်းရောင်နောက်ခံလေးနှင့်လိုချင်ရင် scroll bar ကို အပေါ်အောက်ဆွဲပြီးအစိမ်းရောင်ပါတာလေးရွေးပေါ့။




ပိုပြီးတိတိကျကျသိချင်ရင်စိတ်ဝင်စားရာ template ၏ **Preview** တွင် Click နှိပ်လိုက်ပါ။ ဒါဆိုရင် Blog တစ်ခုကိုအစဆုံးရေးပြီးသွားတဲ့အခါမိမိ Blog အား webpage တစ်ခုအနေနှင့် ဘယ်လိုမြင်ရမလဲ ဆိုတာကို သီးခြား window တစ်ခုဖြင့် ဖော်ပြပါလိမ့်မယ်။



အခြားသော blog setting တွေကဲ့သို့ပင် template ကို အချိန်မရွေးပြောင်းနိုင်ပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ ရွေးခဲ့တဲ့ template အတိုင်းပဲ အမြဲဖြစ်နေတော့မယ်လို့ စိုးရိမ်စိတ်မထားပါနှင့် ။ စဖြစ်သွားအောင် လက်သင့်ရာရွေးပြီးနောက်မှ ပြောင်းမယ်ဆိုရင်လည်းဖြစ်ပါတယ်။




နှစ်သက်ရာ template ရှိ radio button ကို ⊙ ဖြစ်အောင် Click နှိပ်ပြီး Select လုပ်ပါ။ template ရွေးပြီးပြီဆိုရင် **Continue** button တွင် Click နှိပ်၍ရှေ့ဆက်သွားပါ။


**Step5)** Publish Your First Post

Templateကိုရွေးခဲ့ပြီးပြီဆိုရင် blog တစ်ခုကို အောင်မြင်စွာ Create လုပ်ပြီး ဖြစ်ကြောင်း ဖော်ပြသော Page ကိုမြင်ကြရပါမယ်။



ဒီအဆင့်သို့ရောက်ပြီဆိုရင်သိရမှာက blog တစ်ခုလိုတော့ဖန်တီးပြီးပြီ။ သို့သော် ဘာမှ မရှိသေးတဲ့ အခွံချည်းသက်သက် လို့သိထားရပါမယ်။ ဥပမာဆိုရရင် မြေနေရာ (address) ရလို့နှစ်သက်ရာပုံစံ (Template) နှင့် အိမ်လည်းဆောက်ပြီးပြီ။ သို့သော် အိမ်ကအခွံချည်းပဲ ရှိသေးတယ်။ လိုအပ်တဲ့ အသုံးအဆောင် ပရိဘောဂတွေ ပြည့်စုံအောင် ဖြည့်ရအုံးမယ် ။ ဒါတွေဖြည့်ပြီးမှသာ နေလို့ရနိုင်ပြီဖြစ်တဲ့ အိမ်တလုံးအဖြစ် သို့ရောက်ရှိမယ်ပေါ့။

ထိုသဘောတရားအတိုင်းပါပဲ ၊ လက်တလော အခြေအနေမှာ မိမိ ရဲ့ blogသည် အခွံချည်းပဲ ရှိပါသေးတယ်။ ကိုယ်လိုချင်တဲ့ အကြောင်းအရာတွေ ရေးမယ် ။ တင်ချင်တဲ့ ပုံတွေတင်ပြီးဝေဝေဆာဆာ ဖြစ်အောင်ဖန်တီးကြရပါအုံးမယ်။ အဲဒီလိုစာတွေရေးတင်ခြင်း ၊ ပုံတွေလုပ်တင်ခြင်းကို post တင်တယ်လို့ခေါ်ပါတယ်။ စပြီး post လုပ်ရန်အတွက် **Start Blogging** တွင် Click နှိပ်လိုက်ပါ။ စာတွေရေးသားနိုင်မယ့်ပုံတွေထည့်နိုင်တဲ့ Windows တစ်ခုကျလာပါမည်။ ၎င်းကို post editor လို့လည်း ခေါ်ပါတယ်။





## Post Title


ဒီနေရာမှာက post title၊ ဟိုရှေ့မှာဖြည့်ခဲ့တဲ့ title က blog title ။ မရောထွေးမိပါစေနှင့်။ Blog title ဆိုတာကစာအုပ်အမည်လိုတစ်ခုပဲရှိမယ်။ post title ဆိုတာကကိုယ်တင်ရင်တင်သလောက်များမယ်။ ဥပမာဆိုရရင် blog တစ်ခုထဲမှာ post ဆယ်ခုတင်ရင် post title ဆယ်ခုရှိမယ်ပေါ့။

## Text Area


ရေးလိုသမျှ text area ထဲမှာရေးသားကြရပါမယ်။ ဒီနေရာမှာရေးသားသမျှတို့သည် မိမိတင်မည့် post ၏စာကိုယ်ဖြစ်ပါလိမ့်မယ်။




ရေးလိုသမျှရေးပြီး၍ စိတ်တိုင်းကျပြီဆိုရင် **Publish Post** တွင် Click နှိပ်လိုက်ပါ။ ရေးခဲ့သော post ကို အင်တာနက်ပေါ်မှတဆင့် အများသူငါ ကြည့်ရှု့ရအောင် အောင်မြင်စွာလွှင့်တင်ပြီး ဖြစ်ကြောင်း ဖော်ပြသော Page ကိုမြင်ကြရပါမယ်။




မိမိရဲ့ blog ကိုကိုယ်တိုင်ကြည့်ချင်ရင် **View blog** တွင် Click နှိပ်လိုက်ပါ။ post တစ်ခုတည်းသာရှိတဲ့ မိမိရဲ့ blog အသစ်စက်စက်လေးကိုတွေ့ကြရပါမယ်။




## Sign Out

Post အသစ်တင်ချင်ရာတွေကိုလည်းတင်ခဲ့ပြီးပြီ၊ ပြင်စရာရှိတာတွေကိုပြင်ခဲ့ပြီး၍ လတ်တလော ရှေ့ဆက်အသုံးမရှိသေးသည့်အတွက် ထွက်တော့မယ်ဆိုရင် အမြဲတမ်း Sign out လုပ်ပြီးမှထွက်ရပါမယ်။ အပေါ်ညာဘက်ထောင့်တွင် ရှိသော **Sign Out**တွင် Clickနှိပ်ပြီးထွက်ပါ။ မူလအစဖြစ်တဲ့ www.blogger.com သို့ပြန်ရောက်သွားပါမည်။




## Blogger interface အားလေ့လာခြင်း

Blog လေးတစ်ခုဖန်တီးလိုက်တယ်၊ post လေးတွေရေးတင်တယ်။ လိုအပ်ရင် ရေးထားတဲ့ post တွေကိုပြန်ပြင်မယ်၊ post အသစ်တွေထပ်တင်ကြတယ်။ ဒါတွေက blog နှင့်ဆိုင်တဲ့ သာမန်လုပ်ရိုးလုပ်စဉ်တွေပါ။ သာမန်ထက်ပိုတဲ့ နည်းလမ်းတွေသုံးပြီး မိမိblogကိုထူးထူးခြားခြားလေးဖြစ်အောင် ပြင်ဆင်ကြချင်တယ် ဆိုရင်ဖြင့် blogger interface ကိုနားလည်ထားဖို့လိုပါလိမ့်မယ်။

Blogger interface မှာ Posting ၊ Settings ၊ Layout ဆိုပြီး tab သုံးခုပါပါတယ်။ tab တစ်ခုချင်းစီအောက်မှာ လုပ်နိုင်တာတွေမတူပဲကွဲပြားပါတယ်။


### Posting tab

Posting tab အောက်မှာ Create ၊ Edit Posts အစရှိသဖြင့် အခွဲတွေပါတယ်။ post သစ်များထပ်တင်ခြင်း ၊ တင်ပြီးသား post တွေကိုပြင်ဆင် ဖြည့်စွက်ခြင်း များကို ဒီ Posting tab အောက်မှာ လုပ်ဆောင်နိုင်ကြတယ်။





### Settings Tab

Settings tab အောက်မှာ Basic ၊ Publishing ၊ Formatting အစရှိသဖြင့် အခွဲတွေပါတယ်။ blog title ပြောင်းခြင်း ၊ comment ပိတ်ခြင်း ၊ email ဖြင့် post လှမ်းတင်နိုင်အောင် စီစဉ်ခြင်းများ အပါအဝင် စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်အတော်များများကို ဒီ Setting tab အောက်မှာလုပ်ဆောင်နိုင်ကြပါတယ်။




## Layout Tab

Layout Tab အောက်မှာ Page Elements ၊ Pick new template အစရှိသဖြင့် အခွဲတွေ ပါတယ်။ template အသစ်ပြောင်းခြင်း၊ မိမိ blog ရဲ့အဆင်အပြင်ကိုပိုမိုကြည့်ကောင်းအောင် page elements များထပ်တိုး ဖြည့်စွက်ထည့်သွင်းခြင်း များကိုဒီ Layout Tab အောက်မှာလုပ်ဆောင်နိုင်ကြတယ်။




## The dashboard

မိမိရဲ့ blog မှာ post အသစ်တွေထပ်တင်ချင်တာပဲဖြစ်ဖြစ်၊ တင်ပြီးသား post တွေထဲက အချို့ကို ပြန်ပြင်ချင်တာမျိုးပဲဖြစ်ဖြစ်၊ ဖျက်ထုတ်ခြင်တာပဲဖြစ်ဖြစ် ၊ အမြဲတမ်း blogger homepage ဖြစ်တဲ့ (www.blogger.com) ထဲသို့ပြန်လာရပါမယ်။ ရောက်ပြီဆိုရင် blog ဖန်တီးခဲ့စဉ်က အသုံးပြုခဲ့သော Email address နှင့် password တို့ကိုပင်သုံးပြီးပြန်လည် Sign in လုပ်ရပါမယ်။




Username နှင့် Password ဖြည့်ပြီး Sign In တွင် click နှိပ်ပါ

Sign in ဝင်ရောက်မှုအောင်မြင်ပြီဆိုရင် blogger Dashboard ဆိုတာကိုမြင်ကြရပါမယ်။ Blogger Dashboard သည် post အသစ်ထပ်တင်ခြင်း၊ ရှိပြီးသား post ကို edit လုပ်ခြင်းတို့အပါအဝင် blog အားစီမံခန့်ခွဲမှုအလုပ်များကို အလွယ်တကူလုပ်ဆောင်နိုင်ရန် များစွာအထောက်အကူပေးပါတယ်။ Newpost နှင့် Manage post တို့သည် Dashboard ထဲမှအသုံးပြုရမှုအများဆုံး icon ၂ ခုပင်ဖြစ်ပါတယ်။





Dashboard ဖြစ်ပါတယ်


မှတ်ချက်။ ။blog တစ်ခုကို ဖန်တီးခဲ့ဘူးသော Gmail Account နှင့် ပြန်ဝင်တိုင်းမှာ blogger Dashboard ကိုမြင်ကြရပါမယ်။

# Post အသစ်များထပ်တင်ခြင်း


ရှေ့စာမျက်နှာ " 60 " မှာဖော်ပြခဲ့သလို username နှင့် password တို့ကိုထည့်ပြီး blogger မှာ Sign in လုပ်ပြီးတာနှင့် မိမိ blog ကိုအဓိက control လုပ်ရာ Dashboard ဆိုတာကိုတွေ့ကြရပါမယ်။




post အသစ်တစ်ခု ထပ်တင်ရန် အတွက် အစိမ်းရောင်အပေါင်းသင်္ကေတလေးနှင့် New post တွင် click တစ်ချက်နှိပ်လိုက်ပါ။ post တွေရေးသားနိုင်မည့် (Posting |Create) page ပေါ်လာပါမည်။




ရှေ့မှာတုန်းက post အသစ်တစ်ခုစရေးစဉ်ကအတိုင်းပင် title နေရာတွင် post title နှင့် text area ထဲတွင်ရေးလိုသောစာသားများကိုရိုက်ထည့်ပါ။ စိတ်တိုင်းကျပြီဆိုရင် publish post တွင် Clickနှိပ်လိုက်ပါ။ ဒါဆိုရင် post အသစ်ကို အောင်မြင်စွာ ထပ်တင်ပြီးဖြစ်ပါလိမ့်မယ်။ မိမိ blog ကို ဖွင့်ကြည့်လျှင် အောက်ဖော်ပြပါပုံအတိုင်းမြင်ကြရပါမယ်။





နောက်ဆုံးတင်တဲ့ post အသစ်ကို blog ၏ထိပ်ဆုံးတွင် တွေ့ရပါမယ်။Archive section တွင် တင်ထားသမျှသော post အားလုံးတို့ကို ရက်စွဲများအလိုက် အလိုလျောက်မှတ်တမ်းတင် ထိန်းသိမ်းပေးထားပါလိမ့်မယ်။

## တင်ပြီးသား **post** များကိုပြန်လည်ဖြည့်စွက်ပြင်ဆင်ခြင်း


မိမိတင်ထားခဲ့တဲ့ post တွေကိုပြင်ချင်ရင်အချိန်မရွေးပြန်လည် edit လုပ်လို့ရတယ်။ သဒ္ဒါက မကြိုက်တဲ့စာသားတွေကိုဖြုတ်ပြစ်မယ်။ ထပ်ထည့်ဖို့လိုအပ်ရင်ထပ်ထည့်မယ်ပေါ့။ Dashboard ပေါ်မှ **Manage post** ပေါ်တွင် click နှိပ်လိုက်ပါ။ မိမိ၏ blog မှာတင်ထားသမျှသော post တို့၏ title များအားတန်းစီမြင်ကြရပါမယ်။





ပြန်လည် edit လုပ်လိုသော post title နှင့်သက်ဆိုင်သော edit ပေါ်တွင် click နှိပ်လိုက်ပါ။ (Posting | Edit Posts) page သို့ရောက်သွားပြီး post တွင်းပါစာသားများကိုမြင်ကြရပါမယ်။



title ပဲဖြစ်စေ၊ text area ထဲမှ စာသားများကိုဖြစ်စေ လိုသလိုပြောင်းလဲဖြည့်စွက်နိုင်ကြပါတယ်။ စိတ်တိုင်းကျပြီဆိုလျှင် **Publish Post** တွင် click နှိပ်ရန်မမေ့ပါနှင့်။




ဒီနေရာမှာ တင်ပြီးသား post တွေထဲက အချို့ကို ပြင်ဆင်edit လုပ်ခြင်းမဟုတ်ပဲ လုံးဝဖျက်ထုတ်လိုက ဖျက်ထုတ်နိုင်ကြပါတယ်။တန်းစီထားသောpost title များထဲမှ ဖျက်ထုတ်လိုသော title နှင့် သက်ဆိုင်သော Delete ပေါ်တွင် click နှိပ်လိုက်ပါ။အမှန်တကယ်ဖျက်ထုတ်လိုခြင်းဟုတ်မဟုတ်ဆိုတာကို confirm လုပ်ပါလိမ့်မယ်၊ **Delete It** တွင် click နှိပ်ဖျက်လိုက်ပါ။ ဒါဆိုရင်၄င်း post ကိုအပြီးအပိုင် ဖျက်ထုတ်ပြီးဖြစ်ပါလိမ့်မယ်။




## Add Formatting

Text areaထဲမှာရှိနေသည့် စာသားတွေရဲ့စာလုံးပုံစံfontပြောင်းခြင်း၊ fontအရွယ်အစား ပြောင်းခြင်း၊ boldလုပ်ခြင်း၊ အစရှိတဲ့လုပ်ငန်းစဉ်တွေကိုလုပ်ဆောင်နိုင်ရန် composeတွင် formatting toolsတစ်ခုပါရှိပါတယ်။


### စာလုံးပုံစံ font ပြောင်းခြင်း

ရိုက်ထည့်ထားသည့်စာသားတွေထဲကအချို့ကို fontပြောင်းချင်ရင်ပြောင်းချင်တဲ့စာသားတွေကို အပြာရောင်high lightဖြစ်အောင် mouseဖြင့်drag ဆွဲပြီးselect လုပ်ပါ။ပြီးလျှင် Font Familyထဲက down arrowတွင် Click နှိပ်ပြီးfont တစ်မျိုးမျိုးကိုရွေးချယ် Click နှိပ်ပါ။ ဒါဆိုရင်မိမိselectလုပ်ခဲ့သော စာသားတွေရဲ့စာလုံးပုံစံ Font ပြောင်းသွားပါလိမ့်မယ်။





### စာလုံးအရွယ်အစားပြောင်းခြင်း

Text area ထဲမှစာလုံးအရွယ်အစားပြောင်းလိုသောစာသားများကို mouseဖြင့် drag ဆွဲပြီး high lightဖြစ်အောင်select လုပ်ပါ။ Font size icon ပေါ်တွင်Clickနှိပ်ပြီး ကျလာမည့် List ထဲမှ နှစ်သက်ရာအရွယ်အစားတခုခုပေါ်တွင် Click နှိပ်ရွေးချယ်ပါ။



## Bold , Italic , Text color

အချို့စာလုံးတွေကို bold ပဲဖြစ်ဖြစ်၊ italic ပဲဖြစ်ဖြစ်၊ အရောင်ပြောင်းချင်တာပဲဖြစ်ဖြစ် ပထမဦးဆုံး drag ဆွဲပြီး လုပ်ရပါမယ်။ bold လုပ်ချင်ရင် " b " တွင် Click နှိပ်ပါ။ စာလုံးအထူများဖြင့်မြင်ရပါမယ်။ italic လုပ်ချင် " i "တွင် Click နှိပ်ပါ။ စာလုံးစောင်းများမြင်ရပါမယ်။ အရောင်ပြောင်းချင်ရင် text color တွင် Click နှိပ်ပြီး နှစ်သက်ရာအရောင်ကိုရွေးချယ် Click နှိပ်လိုက်ပါ။ စာလုံးအရောင်ပြောင်းသွားပါမယ်။




## Post တွင်းသို့ပုံများထည့်တင်ခြင်း (Add Image)


တစ်ခါတစ်လေကျတော့လည်း စာသားတွေချည်းပဲတင်ထားတာထက်စာရင် အကြောင်းအရာနှင့် လိုက်ဖက်တဲ့ပုံလေးတွေပါဆွဲပြီး တင်သည့် post တွေဟာ လူအများအား ပိုမိုဆွဲဆောင်နိုင်စေပါတယ်။ အချို့က သူတို့ဖြတ်သန်းခဲ့ရတဲ့ ကာလတွေအတွင်း စုဆောင်းထားသည့် အမှတ်တရ ပုံရိပ်တွေကို မိမိနှင့်စိတ်ချင်းနီးသူတို့ခံစားနိုင်အောင် မျှဝေချင်သည့်ရည်ရွယ်ချက်တွေနှင့် ပုံတွေကိုမှတ်တမ်းသဘောမျိုး တင်ထားပေးတတ်ပါတယ်။ မည်သည့်ရည်ရွယ်ချက်တွေနှင့်ပဲဖြစ်ဖြစ် blog ရေးသူတစ်ယောက်အဖို့ လိုအပ်ပါက ပုံတွေပါတင်တတ်ရပါမယ်။

Postထဲမှာပုံတွေထည့်ရန်အတွက်က ဘာမှမခက်ခဲပါဘူး။ bloggerမှာပုံတွေကိုအလွယ်တကူ ထည့်သွင်းနိုင်တဲ့ Add Image လို့ခေါ်တဲ့ tools တစ်ခုပါရှိပြီးသားဖြစ်ပါတယ်။ အရေးကြီးတာက ဘယ်ပုံကို တင်မှာလဲ၊ မိမိကွန်ပျူတာထဲက ဘယ်နေရာ(ဥပမာ - desktop ပေါ်မှာလား၊ my document ထဲမှာလား) မှာရှိနေသလဲဆိုတာလောက်ကိုတော့ သိနှင့်ပြီးသားဖြစ်ဖို့လိုပါတယ်။


1) compose bar ပေါ်ရှိ Formatting toolbar ထဲမှ **Add Image** တွင် click နှိပ်လိုက်ပါ။ upload windowတစ်ခုပွင့်လာပါမည်။




2) ပထမဦးစွာတင်ချင်သည့်ပုံကိုရွေးချယ်ညွှန်ပြပေးရပါမယ်။ **Browse**တွင် click နှိပ်ပါက " file upload " box ကျလာပါမည်။





Look in နေရာတွင် မိမိတင်လိုသည့် ပုံ fileရှိရာ folderကိုရွေးပေးရပါမယ်။ တင်လိုသည့် ပုံ file ကို တွေ့ပြီဆိုရင် clickတစ်ချက်နှိပ်၍ selectလုပ်ပြီး **Open** တွင် Click နှိပ်လိုက်ပါ။ ဒါဆိုရင် "file upload" box ပျောက်သွားပြီး မူလ upload window ရှိ Browse နေရာတွင် မိမိရွေးချယ်ခဲ့သော ပုံ file အမည်ကိုမြင်ကြရပါမယ်။





ယခုအဆင့်ထိသည် ပုံကို အမှန်တကယ် upload မလုပ်ရသေးပါ။ ဘယ်ပုံတင်မလဲဆိုတာကို ရွေးချယ်ညွှန်ပြပြီးရုံရှိသေးတယ်ဆိုတာကို သတိပြုပါ။

မှတ်ချက်။ ။တစ်ပြိုင်နက်ပုံငါးပုံအထိတင်နိုင်ပါတယ်။ အခြားပုံတွေထပ်တင်လိုပါက Add another image တွင် Click နှိပ်ပြီးထပ်မံရွေးချယ်နိုင်ကြပါတယ်။


3) နောက်တစ်ခါရွေးချယ်စရာက layout နှင့် image size ဖြစ်ပါတယ်။ သဘောကပုံကို righ ၊ Left ၊ centre တို့ထဲက ဘယ်နေရာမှထားချင်သလဲ တခုခုကိုရွေးချယ်နိုင်ပါတယ်။ ရွေးချယ်ပုံကသက်ဆိုင်ရာ radio button ပေါ်တွင် ◉ ဖြစ်အောင် Click နှိပ်ရပါမယ်။ ထို့အတူ ပုံအရွယ်အစားကိုလည်း small ၊ medium ၊ largeတို့ထဲကမှ တခုခုရွေးချယ်နိုင်ပါတယ်။





အဆင်သင့်ဖြစ်ပြီဆိုရင် စတင် upload လုပ်လို့ရပါပြီ။ upload လုပ်ရန်အတွက် blogger မှ ထုတ်ပြန်သော စည်းကမ်းချက်တွေပါတဲ့ "term of Services"ကို လက်ခံသဘောတူရပါမယ်။ သည့်အတွက် I accept ဆေားရှိ check box ☐ ပေါ်တွင် အမှန်ခြစ်ပေါ်အောင် click နှိပ်ရပါမယ်။ ပြီးလျှင် upload တွင် Click နှိပ်လိုက်ပါ။ မိမိရွေးချယ်ခဲ့သော ပုံကို စတင် upload လုပ်နေပါလိမ်မယ်။ ပုံ၏ အရွယ်အစားနှင့် internet connection ပေါ်မူတည်ပြီး အချိန်အနည်းငယ်ကြာပါလိမ့်မယ်။



upload ပြီးပြီဆိုရင် Done ဆိုတဲ့ စာလုံးပေါ်လာပါလိမ့်မယ်။ **Done** တွင် Click နှိပ်လိုက်ပါ။ upload window ပျောက်သွားပြီး text area ထဲတွင် မိမိတင်ခဲ့သောပုံကိုမြင်ကြရပါမယ်။




စိတ်တိုင်းကျပြီဆိုရင် **Publish post** တွင် Click နှိပ်၍ post ကိုတင်နိုင်ကြပါပြီ။




မှတ်ချက်။ ။ publish လုပ်ခဲ့ပြီပြီဆိုရင် မိမိရဲ့ blog ကို ဖွင့်ပြီး ပုံရဲ့အနေအထားကောင်းရဲ့လား။ ပုံအရွယ်အစားအလောတော်ဖြစ်ရဲ့လား အစရှိသဖြင့် ပြန်လည်စစ်ဆေးကြည့်ရှုသင့်ပါတယ်။ စိတ်တိုင်းမကျဘူးဆိုရင် ရှေ့စာမျက်နှာ ( 63 )တုန်းက post ထဲမှာရှိတဲ့ စာသားတွေကိုပြန်လည် edit လုပ်သလိုမျိုး ပုံတွေကိုလည်းပြန်လည်လုပ်နိုင်ကြပါတယ်။


## အခြား Blogများနှင့်ချိတ်ဆက်ခြင်း (Add a Link)

Link ဆိုတာက webpage တခုကနေအခြား webpage တခုခုဆီသို့ကူးပြောင်းသွားနိုင်တဲ့နေရာတွေဖြစ်ပါတယ်။ Link ဟုတ်မဟုတ်ဆိုတာကို အလွယ်တကူ ခွဲခြားနိုင်တဲ့ နည်းကတော့ mouse pointerဖြင့် လိုက်ထောက်ကြည့်ပါ။ ပုံပဲဖြစ်ဖြစ်၊ စာသားတွေပဲဖြစ်ဖြစ် မြားပုံကနေ လက်ပုံပြောင်းတာမှန်သမျှသည် Link များပဲဖြစ်ပါတယ်။ လက်ပုံပေါ်လာတဲ့အချိန်မှာ click နှိပ်ရင် လက်ရှိမြင်နေရတဲ့ page ကနေ ချိတ်ဆက်ထားတဲ့ အခြား page တစ်ခုသို့ကူးပြောင်းသွားပါလိမ့်မယ်။


Blog ထဲမှာမိမိရေးချင်ရာအပြင် အခြား Blog များ (သို့) website များဆီသို့ချိတ်ဆက်ထားတဲ့ Link တွေလည်း ထည့်ထားနိုင်ပါတယ်။ Link တွေကို ရည်ရွယ်ချက် အမျိုးမျိုးနှင့် ထည့်ကြတယ်။ အချို့ကမိမိတင်သည့် postနှင့် အကြောင်းအရာချင်း ဆက်စပ်မှုရှိတဲ့ (ဝါ) post တွင်းပါ အကြောင်းအရာတွေကို ပိုမိုအားကောင်းအောင် အထောက်အကူပေးနိုင်သော အခြားသူတဦးဦး၏ Blog(သို့မဟုတ်) webpage တစ်ခုခုကို Link လုပ်ထားလေ့ရှိပါတယ်။

အချို့ကျပြန်တော့လည်း မိတ်ဆွေအချင်းချင်း (သို့) ဦးတည်ချက်ချင်းတူတဲ့ Blogတွေအချင်းချင်း အပြန်အလှန် Link များထည့်သွင်းခြင်းဖြင့် အုပ်စုဖွဲ့ထား လေ့ရှိပါတယ်။ မိမိတို့အုပ်စုထဲက Blog တစ်ခုခုပေါက်သွားရင် တနည်းဆိုရရင်လူကြိုက်များလာပြီဆိုရင် အဲဒီ Blog ထဲမှာညွှန်ပြချိတ်ဆက်ထားတဲ့ အခြား Blogတွေပါလူကြည့်ပိုများလာမယ်ပေါ့။


1) ပထမဦးစွာမိမိ Linkလုပ်လိုသော Blog (သို့) webpageကိုဖွင့်လိုက်ပါ။ ပွင့်လာပြီဆိုရင်၄င်း page ၏ URLလို့ခေါ်တဲ့လိပ်စာကို copy လုပ်လိုက်ပါ။




2) (posting | compose) text area ထဲမှ linkလုပ်လိုသော စာသားများကို mouseဖြင့် drag ဆွဲပြီး select လုပ်ပါ။ စာသားများအပြာရောင် hight light ဖြစ်လာရပါမည်။ select လုပ်ပြီးပြီဆိုရင် toolbar ထဲမှ **add Link** ပေါ်တွင် clickတစ်ချက်နှိပ်လိုက်ပါ။





3) ကျလာမည့် box ထဲရှိ URLနေရာတွင် paste လုပ်လိုက်ပါ။ ရှေ့မှီ copy ကူးယူထားခဲ့သည့် URL ပေါ်လာပါမည်။ Copy|Paste မလုပ်လိုလျှင် ဒီနေရာမှာ ကိုယ်တိုင် ရိုက်ထည့်နိုင်ပါတယ်။ typing အမှားမဖြစ်အောင်တော့ အထူးဂရုပြုရပါမယ်။



4) **OK** button တွင် click နှိပ်လိုက်ပါက select မှတ်ထားခဲ့သော စာသားများကို အပြာရောင် အောက်ခံလိုင်းဖြင့် မြင်ရပါမယ်။ သဘောက Link ဖြစ်သွားပြီဆိုတာကို ပြပါတယ်။ အဆင်သင့်ဖြစ်ပြီဆိုရင် **Publish Post** တွင် click နှိပ်ပြီး မိမိရဲ့ post ကိုတင်လိုက်ပါ။




Blog ထဲတွင် post တက်လာတဲ့အခါ Linkပေါ်တွင် click နှိပ်ပါက ချိတ်ဆက်ထားခဲ့သော Blog(သို့) webpage ကိုမြင်ကြရပါမယ်။




## Comments


ပုံမှန်အားဖြင့်ဆိုရင် postတစ်ခုချင်းစီရဲ့အောက်မှာ commentဆိုတဲ့ linkတစ်ခုကိုတွေ့ကြရပါမယ်။ Blog တို့တွင် comment တို့ရဲ့အခန်းကဏ္ဍဟာအလွန် အရေးပါလှပါတယ်။ ရေးသူနှင့် ဖတ်သူတို့ အပြန်အလှန်ထိတွေ့စေနိုင်တဲ့နည်းလမ်းတစ်ခုလည်းဖြစ်ပါတယ်။ သဘောက postတွင်းပါအကြောင်းအရာနှင့်ပတ်သက်ပြီး ဖတ်ရှုသူတို့မှ ဝေဖန်ဆွေးနွေးခြင်း၊ ဖြည့်စွက်အကြံပေးခြင်းများကို comment မှတဆင့် ဝင်ရောက်ရေးသားနိုင်ကြပါတယ်။

### Writing Comment

ပုံမှန်အားဖြင့် ဆိုရင် Blog post တိုင်းမှာ comment ဝင်ရေးနိုင်ကြပါတယ်။ အချို့ comment ရေးခွင့်ပိတ်ထားသည့် post တို့မှာတော့ comment ရေးလို့မရပါ။ အများစုမှာတော့ Google account တစ်ခုရှိရင် ဝင်ရေးနိုင်ကြပါတယ်။ ရေးပုံရေးနည်းကတော့ ရိုးရှင်း လွယ်ကူပါတယ်။ ရေးလိုတဲ့ post အောက်မှာရှိသော **comment** ပေါ်တွင် Click နှိပ်လိုက်ပါ။




ဒါဆိုရင် ဒီ post နှင့်ပတ်သက်ပြီး၊ မိမိရှေ့ကရေးသားထားသော comment များကို တန်းစီပြီး တွေ့ရပါမယ်။ဘယ်သူတွေက ဘယ်လိုဝေဖန် မှတ်ချက်ပြုထားသလဲဆိုတာကိုဖတ်ရှုနိုင်ပါတယ်။မိမိကိုယ်တိုင်လည်း comment ဝင်ရေးချင်ရင် Leave your comment နေရာတွင်ရေးလိုသော စာသားများကို ရိုက်ထည့်ပါ။





ရေးပြီးပြီဆိုရင် publish လုပ်ရပါမယ်။ username နှင့် Password တို့ကို ရိုက်ထည့်ပါ။ ထို့နောက် **Publish your comment** တွင် Click နှိပ်လိုက်ပါ။ ဒါဆိုရင် comment အရေအတွက် တခုထပ်တိုးသွားပြီး comment list ထဲရောက်သွားပါမည်။

## Stop Comments


မိမိတင်တဲ့ postတွေမှာ comment ရေးတာမကြိုက်ရင် comment link မပါအောင်ဖြုတ်ထား လို့ရတယ်။ အရေးကြီးတာက post တစ်ခုချင်းစီကို ရွေးပြီး ခွင့်ပြုမယ်၊ မပြုဘူး။ လုပ်ချင်တာလား၊ ဒါမှမဟုတ် တင်သမျှ post အားလုံးကို ရေးခွင့်မပြုချင်တာလားဆိုတာကိုအရင်စဉ်းစားရမယ်။ ဒီ အခြေအနေ ၂မျိုး ပေါ်မူတည်ပြီး comment ပိတ်တဲ့နေရာမှာ လုပ်ဆောင်ပုံတွေကွဲပါတယ်။ ဒီနေရာမှာတော့ post တစ်ခုချင်းစီ ရွေးပြီး comment မပါအောင် ပိတ်ပုံကိုဖော်ပြသွားပါမယ်။ post အားလုံးမှာ မပါအောင်တခါတည်း ပိတ်ထားပုံတွေကိုတော့ စာမျက်နှာ ( 78 ) မှာမှ ဆက်လက်ဖော်ပြသွားပါမယ်။

Dashboard ပေါ်မှ manage post တွင် နှိပ်ပါ ( Posting | Edit post )ထဲတွင် တင်ထားသမျှသော post တို့ရဲ့စာရင်းကိုတန်းစီပြီးမြင်ကြရပါမယ်။





Comment ဖိတ်လိုသောPost ပေါ်တွင် click တစ်ချက်နှိပ်ပါ

အဲဒီစာရင်းထဲကမှ comment ဖိတ်လိုသော post title ဘေးမှ edit တွင် Click နှိပ်လိုက်ပါ။ သဘောကရှေ့စာမျက်နှာ " 63 " မှာဖော်ပြခဲ့တဲ့ တင်ပြီးသား post တွေကိုပြန်လည် edit လုပ်စဉ်အတိုင်း ဖြစ်ပါတယ်။





Post Options တွင် click တစ်ချက်နှိပ်ပါ

Post option တွင် Click နှိပ်ပါက Allow နှင့် Don't allowတို့ပါတဲ့ Reader comments ကိုတွေ့ကြရပါမယ်။Don't Allow၊ hide extisting ဘေးရှိ radio buttonတွင် ⊙ဖြစ်အောင် Click နှိပ်ပြီး Select လုပ်ပါ။




ထို့နောက် **Publish Post** တွင် Clickနှိပ်ပါ။ဒါဆိုရင်၄င်း postတွင် comment linkမပါဘဲ ပြုတ်သွားတာကိုတွေ့ကြရပါမယ်။




## Manage Comments

တင်သမျှ postအားလုံးမှာ comment မပါအောင်တခါတည်းပိတ်ထားလို့လည်းရတယ်။ အဲဒီလိုမှမဟုတ် လူတိုင်းကိုခွင့်မပြုပဲ ဘယ်သူတွေကိုပဲ ရေးခွင့်ပြုမယ်ဆိုတာမျိုးကန့်သတ်ထားလို့လည်း ထားနိုင်ကြပါတယ်။ comment ပိုင်းနှင့်ပတ်သက်လို့မိမိစိတ်တိုင်းကျပြုပြင်လိုသမျှကို (Settings | comments) page အောက်မှာလုပ်ဆောင်နိုင်ကြပါတယ်။

1) Dashboard ပေါ်မှ **Manage Settings** တွင်click နှိပ်ပါ။ setting အောက်မှ Basic ထဲသို့ ရောက်သွားပါမယ်။ ဒီနေရာကို ( setting| Basic) page လို့ဆိုလိုက်ကြရအောင် ။

2) setting အောက်မှ Comments တွင်ထပ်မံ click နှိပ်ပါက ( setting| Comments) pageထဲသို့ ရောက်သွားပါမယ်။





Who Can Comment? နေရာတွင်ဘယ်သူတွေကိုပဲ ရေးခွင့်ပြုမယ်ဆိုတာမျိုးကန့်သတ်ထားနိုင်ကြပါတယ်။ Anyone ကိုရွေးရင်လူတိုင်းဘယ်သူမဆိုဝင်ရေးနိုင်လိမ့်မယ်။User with Google Account ကိုရွေးမယ်ဆိုရင် google account( Gmail) ရှိသူတွေသာရေးခွင့်ပြုမယ်ဆိုတာမျိုးဖြစ်ပါတယ်။

Comment Default for Posts နေရာတွင်ပုံမှန်အားဖြင့် New posts have comments ဖြစ်ပါတယ်။ သဘောကတင်သမျှ post တိုင်းမှာ comment ပါပြီးသားဖြစ်ပါတယ်။comment မပါအောင် တခါတည်းပိတ်ထားလိုလျှင် New Posts Do Not Have Comments ကိုရွေးရပါမယ်။

စိတ်တိုင်းကျပြင်ဆင်ခဲ့ပြီးပါက page ၏အောက်ခြေတွင် ရှိသော "**Save Settings**" တွင် click နှိပ်ပါ။


## Add a Description

Blog title အောက်တွင် Description ထည့်လိုက ထည့်ထားနိုင်ပါတယ်။ Description ဆိုတာကမိမိရဲ့ Blog သည် စီးပွါးရေး၊ လူမှုရေး၊ ဖျော်ဖြေရေး အစရှိသည့်တို့ထဲက ဘယ်ကဏ္ဍပေါ်မှာ အခြေခံတည်ဆောက်ထားသလဲဆိုတာကိုဖတ်ရှုသူများအားအလွယ်တကူသိစေနိုင်မည့် အချက်အလက် စကားလုံးများပဲဖြစ်ပါတယ်။




Dashboard မှ Settings ပေါ်တွင် click တစ်ချက်နှိပ်ပါ

Dashboard ပေါ်မှ **Manage Settings** တွင် နှိပ်ပါ။ setting အောက်မှ Basic ထဲသို့ ရောက်သွားပါမယ်။ ဒီနေရာကို ( setting| Basic) page လို့ဆိုလိုက်ကြရအောင်။





Blog Title ကိုပြင်လိုကဒီနေရာမှာ ပြင်ရေးနိုင်ပါတယ်


Description ရေးရမည့် နေရာဖြစ်ပါတယ်

Blog title ကိုပြင်လိုက ဒီနေရာတွင်ပြင်နိုင်ပါတယ်။Description နေရာတွင် မိမိရေးလိုတဲ့ ကဏ္ဍကိုကိုယ်စားပြုနိုင်မည့်စကားလုံးများကိုရိုက်ထည့်ပါ။ပြီးလျှင် page ၏အောက်ခြေတွင်ရှိသော **Save**

**settings** တွင် clickနှိပ်ပါ။ " Setting were saved successfully"ဆိုတာပေါ်လာပါမည်။ သဘောက မိမိဖြည့်စွက်ခဲ့သည့်အတိုင်း ထည့်သွင်းပြင်ဆင်ပြီး ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါတယ်။




ဒါဆိုရင် Description ထည့်ပြီးသွားပြီ။ မိမိ Blogကိုသွားကြည့်မယ်ဆိုရင် Blog title အောက်မှာက Description အဖြစ်ထည့်ခဲ့သော စာသားများကိုမြင်ကြရပါမယ်။




## Add a team Member

Blog တစ်ခုတည်းကို လူအများစုပေါင်းရေးလို့ရတယ်။ သဘောက ကိုယ်တစ်ယောက်တည်း မဟုတ်ပဲ စိတ်ချရတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ကိုပါ မိမိ Blog မှာဝင်ရောက်ရေးသား post တင်နိုင်အောင် လုပ်ထားလို့ရတယ်။ အားသာချက်က တစ်ယောက်မအား တစ်ယောက်ဝင်ရေးကြခြင်းဖြင့် မိမိ Blog သည် အမြဲတမ်း update ဖြစ်နေမယ်ပေါ့။


အဲဒီလိုဝင်ရေးနိုင်အောင်သူတို့သည်မိမိ Blog ရဲ့ member ဖြစ်ကြရပါမယ်။ member ဖြစ်အောင် လုပ်ဖို့ရန် အပိုင်း (၂)ပိုင်းရှိပါတယ်။ ပထမဦးစွာ Blog ပိုင်ရှင်ဖြစ်တဲ့ မိမိကနေ သူတို့ထံသို့ email ဖြင့် inviteလုပ်ရပါမယ်။ ဒါက ကိုယ်ဘက်က လုပ်ရမည့်အပိုင်း ။ ဟိုတဖက်က ဝင်ရောက်ရေးသားဖို့ရန် ဖိတ်ကြားခံရသူတွေအနေနှင့်ကတော့ inviteလုပ်သည့် emailရောက်လာပြီဆိုရင် ဖွင့်ဖတ်ပြီး activate လုပ်ပေးရပါမယ်။ Activate လုပ်ပြီးတာနှင့် member ဖြစ်သွားပြီး ဝင်ရောက်ရေးသားနိုင်ကြပါပြီ။

### invite လုပ်ခြင်း


Member ဖြစ်အောင် invite လုပ်ရန်အတွက် setting အောက်မှ permission တွင် click တစ်ချက်နှိပ်လိုက်ပါ။ ဒီနေရာကို ( setting ၊ permission ) page လို့ဆိုလိုက်ရအောင်။





Permission အောက်ရှိ Blog Author နေရာတွင် ဒီ Blog မှာဝင်ရေးသူ ဘယ်နှစ်ယောက် ရှိသလဲဆိုတာကိုပြပါတယ်။ ယခုချိန်မှာတော့ Member မရှိသေးသည့်အတွက် မိမိတဦးတည်း၏အမည်ကို သာ မြင်တွေ့ကြရပါဦးမယ်။



Invite လုပ်ရန်အတွက် **Add Author** တွင် clickတစ်ချက်နှိပ်ပါ။ ထို့နောက် Memberအဖြစ် ဖိတ်ကြားလိုသောသူ၏ emailလိပ်စာကို invite more people နေရာတွင်ရိုက်ထည့်ပါ။





**invite** တွင် Click နှိပ်လိုက်ပါက Blogger သည် ထည့်သွင်းပေးခဲ့သော email လိပ်စာထံသို့ activation link တစ်ခုပါတဲ့ email တစ်စောင်ပေးပို့ပါလိမ့်မယ်။ ထို့အတူ permission အောက်တွင် invite လုပ်လိုက်သော email လိပ်စာပေါ်လာပါမည်။





အကယ်၍ အကြောင်းတခုခုကြောင့် invite မလုပ်လိုတော့ပါက **remove** တွင် click နှိပ်ပြီးဖျက်ထုတ်နိုင်ကြပါတယ်။

## invite လုပ်ခြင်းကိုလက်ခံခြင်း (Join a team blog)


ယခုဆက်လက်ပြီး Memberအဖြစ် ဖိတ်ကြားခံရသူတွေဘက်က ဆက်လုပ်ဆောင်ကြရမယ့် activation အပိုင်းကိုဖော်ပြသွားပါမယ်။ Blog မှာဝင်ရောက်ရေးသားရန် ဖိတ်ကြားသော email ထဲသို့ဝင်လိုက်ပါက invite လုပ်သော email massage ကိုတွေ့ကြရပါမယ်။




၄င်း massage ကိုဖွင့်လိုက်ပါက အပြာရောင်စာသားများဖြင့် activation link တစ်ခုကိုတွေ့ရပါမယ်။ Member ဖြစ်အောင် activateလုပ်ဖို့ရန် link ပေါ်တွင် click တစ်ချက်နှိပ်ပါ။



ဒါဆိုရင် www.blogger.com သို့ရောက်ရှိသွားပြီး invite လုပ်ခြင်းကို လက်ခံသဘောတူကြောင်း အတည်ပြုပေးရပါမယ်။ Username နေရာတွင် email address နှင့် password နေရာတွင် ၄င်း email address နှင့်သက်ဆိုင်သော password တို့ကိုထည့်ပေးရပါမယ်။





Username နှင့် password တို့ကို မှန်ကန်စွာဖြည့်စွက်ပြီးပါက **Accept invitation** တွင် click နှိပ်လိုက်ပါ။ ဒါဆိုရင် team member ဖြစ်သွားပြီး ၄င်း blogတွင် ဝင်ရောက်ရေးသား post တင်နိုင်ကြပါပြီ။

## Manage team member


ဖိတ်ကြားချက်ကိုလက်ခံ၍ activate လုပ်ပြီးသူတို့သည် မိမိ Blog ရဲ့ member များဖြစ်လာကြပါပြီ။ အဲဒီ member ဖြစ်လာသူတွေသည် ပုံမှန် default အားဖြင့် မိမိ၏ Blog မှာ postတွေကိုသာ ရေးတင်နိုင်ခွင့်ရှိကြပါတယ်။ အခြားဘာလုပ်ပိုင်ခွင့်မှ မရှိကြပါဘူး။

Blog ပိုင်ရှင်ဖြစ်တဲ့ မိမိကသာလျှင် blog အမည်ပြောင်းခြင်း၊ template ပြောင်းခြင်း၊ post တွေဖျက်ထုတ်ခြင်းအစရှိတဲ့လုပ်ငန်းစဉ်တွေကိုလုပ်ဆောင်နိုင်ပါတယ်။ ဒါက အခြေခံသဘောကိုပြောတာပါ။ အကယ်၍လိုအပ်ပါက member ထဲမှ ယုံကြည်ရသူတစ်ဦးဦးကို မိမိရဲ့လုပ်ပိုင်ခွင့်များအတိုင်းရရှိအောင် ပေးအပ်ထားလို့ရပါတယ်။


Settings အောက်မှ **Permission** တွင် click နှိပ်ပြီး (Settings၊ Permission) သို့သွားလိုက်ကြရအောင်။ Permission အောက်တွင် ဒီ blog မှာဝင်ရောက်ရေးသားနိုင်သူ member ဘယ်နှစ်ယောက်ရှိသလဲဆိုတာကို တန်းစီဖော်ပြထားပါလိမ့်မယ်။




အဲဒီ member တွေထဲကမှ လုပ်ပိုင်ခွင့်တိုးမြှင့်ပေးလိုသော member အမည်ဘေးမှ **grant admin** တွင် Click နှိပ်လိုက်ပါ။ Admin အဆင့်ပေးဖို့ရန် အတည်ပြုချက်တောင်းခံသော box တခုမြင်ရပါမယ်။ "Grant Admin privilege" တွင် Click နှိပ်လိုက်ပါ။



ဒါဆိုရင် ထိုသူသည် post ရေးသားနိုင်ရုံသက်သက်မဟုတ်တော့ပဲ blog အား မိမိကဲ့သို့ စီမံခန့်ခွဲနိုင်ခွင့်ရှိသူတစ်ဦးဖြစ်သွားပါလိမ့်မယ်။





Author မှ Admin ပြောင်းသွားတာကို သတိပြုပါ

မှတ်ချက်။ ။member အဖြစ်မှ ထုတ်ပယ်လိုပါက သက်ဆိုင်ရာအမည်တို့ဘေးမှ Remove တွင် Click နှိပ်၍ ဖျက်ထုတ်နိုင်ကြပါတယ်။

## Template Section

Dashbord ပေါ်မှ Layout ပေါ်တွင် click နှိပ်ပြီးသွားမယ်ဆိုရင် template section အောက်ကို ရောက်ပါတယ်။ ဒီနေရာကနေမိမိblog ရဲ့ဒီဇိုင်းအဆင်အပြင်နှင့်ပတ်သက်ပြီး လိုသလိုပြုပြင်ပြောင်းလဲ နိုင်ကြပါတယ်။





## Pick a New Template


Blogger မှာ အဆင်သင့်ယူသုံးနိုင်တဲ့ template ပေါင်းများစွာရှိပြီးသားဖြစ်ပါတယ်။ တစ်ခုမကြိုက်ရင် အခြားတစ်ခုအချိန်မရွေးပြောင်းသုံးလို့ရပါတယ်။အခြား template တစ်ခုသို့ပြောင်းချင်ရင် Layout အောက်မှ **Pick New template**တွင် Click နှိပ်ပါ။



အဆင်သင့် ယူသုံးနိုင်တဲ့ template များကို မြင်ရပါမယ်။ ဒီနေရာကို ( Layout| Pick New template )လို့ဆိုလိုက်ရအောင်။





အကြိုက်ဆုံးတစ်ခုကိုရွေးချယ်ပါ။ ထို့နောက် **Save Template**တွင် Click နှိပ်ပါ။ မိမိ blog ရဲ့ template ကိုပြောင်းပေးသွားပါမည်။ **View blog** တွင် Click နှိပ်ကြည့်နိုင်ပါတယ်။



## Page Elements (widgets)

Page elementsတွေဆိုတာက webpage တို့ရဲ့အဆင်တန်ဆာများပဲဖြစ်ပါတယ်။ ၎င်းတို့ကို ညီညွတ်မျှတအောင် ပေါင်းစပ်ဆင်ယင်နိုင်မည်ဆိုပါက page ရဲ့အဆင့်အတန်း အရည်အသွေးကို ပိုမိုပေါ်လွင်စေပါလိမ့်မယ်။ မိမိတို့ blogရဲ့ဒီဇိုင်း ( template)ကိုလည်း page elementတို့ ထပ်မံပေါင်းစပ် ထည့်သွင်းပြီး စိတ်ကြိုက်တန်ဆာဆင်ထားလို့ရပါတယ်။ ပုံမှန် အားဖြင့် blog တစ်ခုဖန်တီးပြီးတိုင်း profile တို့ Archiveတို့ဆိုတဲ့ page element တွေကတော့ အလိုအလျောက်ပါရှိပြီးသားဖြစ်ပါတယ်။ အဲဒါတွေအပြင် နာရီတို့၊ ပြက္ခဒိန်တို့၊ မိမိမိတ်ဆွေတို့၏ blog လိပ်စာများ အစရှိသည်တို့ကို page element တွေအဖြစ် လိုသလို ထည့်သွင်းထားနိုင်ပါသေးတယ်။

Layout အောက်မှ page elements တွင် Click တစ်ချက်နှိပ်လိုက်ပါ။ ဒီနေရာကို (Layout | page element)လို့ဆိုလိုက်ရအောင်။ ညာဘက်ခြမ်းကို သတိထားပြီးကြည့်ပါ။ Contributors နှင့် Blog Archiveဆိုပြီး page elements နှစ်ခုကိုတွေ့ရပါမယ်။ ထိုနှစ်ခုက Blog စတင် create လုပ်စဉ်ကတည်းကိုက အလိုလျောက်ပါပြီးသားဖြစ်ပါတယ်။ ကိုယ်စိတ်တိုင်းကျ page elements သစ်တွေထပ်ထည့်ချင်ရင် "Add a page element"တွင် နှိပ်ပြီးထပ်ထည့်နိုင်ကြပါတယ်။





မှတ်ချက်။ ။မိမိရွေးခဲ့တဲ့ templateပေါ်မူတည်ပြီး page element ထည့်နိုင်မယ့်နေရာတွေ အနည်းငယ်ကွဲပြားပါလိမ့်မယ်။


## Add Poll

Pollဆိုတာက အကြောင်းအရာ အဖြစ်အပျက် တစ်ခုပေါ်မှာ လူအများ၏ သဘောထားအမြင်တွေကို သိရှိနိုင်အောင် ကောက်ယူသော စစ်တမ်းတမျိုးပင်ဖြစ်ပါတယ်။ ဆိုရရင် စစ်တမ်းထုတ်ချင်တဲ့ မေးခွန်းတစ်ခုဖန်တီးမယ်။ ပြီးရင်သဘောထားအမြင်တွေကို ခြုံငုံမိနိုင်တဲ့အဖြေလေးတွေပေးထားလိုက်မယ်။ လာရောက်ဖတ်ရှုသူတွေက သူတို့ဆန္ဒရှိတဲ့ အဖြေကို ရွေးချယ်ဖြေကြား သွားခြင်းဖြင့်အများဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ သိနိုင်မယ်ပေါ့။


Element သစ်တခုကို ထည့်သွင်းချင်တိုင်းမှာ **"Add a page element"** တွင် Click နှိပ်ကြရပါမယ်။ ဒါဆိုရင်မိမိ blog မှာ ထပ်မံထည့်သွင်းနိုင်မည့် element များပါဝင်တဲ့ pop-up window တစ်ခုပွင့်လာ ပါမည်။ အဲဒီအထဲကမှ ဆန္ဒရှိရာ element ၏ Add to blog တွင် Click နှိပ်ပြီး ထည့်သွင်းနိုင်ကြပါတယ်။




pop-up window ထဲက "Poll" section နေရာရှိ **Add to blog** တွင် Click နှိပ်လိုက်ပါ။ အောက်ဖော်ပြပါ " Create Poll" window ကိုမြင်ကြရပါမယ်။





ပြည့်စုံစွာဖြည့်စွက်ပြီးပြီဆိုရင် Save တွင် Click နှိပ်ရပါမယ်။ Pop-up window ပျောက်သွားပြီး မူလ ( template ၊ page element) တွင် element သစ်တစ်ခုတိုးလာတာကို တွေ့ကြရပါမယ်။ View blog တွင် Click နှိပ်ကြည့်ပါက မိမိထည့်သွင်းခဲ့သော Poll ကို အောက်ပါအတိုင်းတွေ့ကြရပါမယ်။




## Add Link List


မိမိ blog ကိုဝင်ရောက်ဖတ်ရှုသူတို့အား ကောင်းနိုးရာရာ website လေးတွေ၊ ဦးတည်ချက်တူလို့ ညွှန်ပြချင်တဲ့ blog တွေကို Link list အဖြစ် တန်းစီပြီး ထည့်ထားလို့ရပါတယ်။ Element သစ်တခုကို ထည့်သွင်းချင်တိုင်းမှာ **"Add a page element"** တွင် Click နှိပ်ကြရပါမယ်။





pop-up window ထဲက Link List နေရာရှိ **Add to blog** တွင် Click နှိပ်လိုက်ပါ။ အောက်ဖော်ပြပါ "Configure Link List" window ကိုမြင်ကြရပါမယ်။




ပြည့်စုံစွာဖြည့်စွက်ပြီးလျှင် **Add Link**တွင်Click တစ်ချက်နှိပ်ပါ။ ဒါဆိုရင် Link တစ်ခုစာရင်းဝင်သွားပါပြီ။ URL နှင့် Name တို့တွင်ဖြည့်စွက်ပြီးနောက်ထပ် Link များထပ်ထည့်ပါ။





ထည့်သွင်းလိုတဲ့ Link အရေအတွက် ပြည့်မီပြီဆိုရင် **Save Changes** တွင် Click နှိပ်ပါ။ Pop-up windowပျောက်သွားပါလိမ့်မယ်။



Pop-up window ပျောက်သွားပြီး မူလ (template ၊ page element )တွင် element သစ်တစ်ခု ထပ်တိုးလာပါမည်။





View blog တွင် Click နှိပ် ကြည့်ပါက မိမိထည့်သွင်းခဲ့သော Link list ကိုအောက်ပါအတိုင်း တွေ့ကြရပါမယ်။




## Add to Picture

ပုံတွေကိုရေမျှာတုန်းကလို postထဲမှာမဟုတ်ပဲ page element(widget)တွေအဖြစ်မိမိ blog မှာထည့်ထားလို့ရပါတယ်။ picture နေရာရှိ **Add to blog**တွင် click နှိပ်လိုက်ပါ။ Configure Image ပွင့်လာပါမည်။




Title နှင့် Captionတို့တွင် နှစ်သက်သလိုစာသားများဖြည့်သွင်းပါ။ ထို့နောက် browseတွင်နှိပ်ပြီး တင်လိုသောပုံကို ရွေးချယ်ညွှန်ပြပေးလိုက်ပါ။ Image နေရာတွင် ပုံပေါ်လာပြီဆိုရင် **Save Changes** တွင် click နှိပ်လိုက်ပါ။





မှတ်ချက်။ ။ယခုဖော်ပြခဲ့တဲ့ပုံ (Picture)များထည့်သလိုပင် (Text)များ၊ (Labels)များကိုလည်းမိမိတို့ စိတ်ကူးရှိသလို page elementsတွေအဖြစ်ပေါင်းစပ်ထည့်သွင်းထားနိုင်ကြပါတယ်။

## Third-Party Page Elements (widgets)

poll တို့၊ Slide showတို့အစရှိတဲ့ Bloggerထံမှ အဆင်သင့်ယူသုံးနိုင်တဲ့ Page element တွေအပြင် အခြား websiteများထံမှ Page element တွေကိုယူပြီးတော့လည်း မိမိ Blog pageထဲမှာ ပေါင်းစပ်ထည့်သွင်းထားနိုင်ပါသေးတယ်။ အဲဒီလို Bloggerထံမှ မဟုတ်ပဲအခြားwebsite တစ်ခုခုထံမှ သီးခြားယူသုံးတဲ့ element တွေကို third-party element တွေလို့ခေါ်ပါတယ်။ အခြားသူတို့ရဲ့ Blogစာမျက်နှာတွေမှာလည်း တွေ့ဖူးကောင်းတွေ့ဘူးကြပါလိမ့်မယ်။ နာရီလေးတွေ ၊ ပြက္ခဒိန်လေးတွေ အစရှိသဖြင့်ပေါ့။ ဥပမာအနေနှင့် clock widget လေးတစ်ခုလောက်ထည့်ကြည့်ရအောင်

third-party element တွေထည့်မယ်ဆိုရင် လုပ်ရမယ့်အပိုင်းက နှစ်ပိုင်းရှိတယ်။ ပထမအပိုင်းက မိမိ blog ထဲထည့်ထားလိုတဲ့ အခြားwebsite မှelement နှင့်ဆိုင်သော HTML tag တွေကို copy ကူးယူရမယ်။ ပြီးမှ မိမိ blogထဲမှာ paste လုပ်ယူရမယ်။


နာရီပုံ html widget ရယူရန်အတွက် www.clocklink.com သို့သွားပါ။ ထို့နောက် go to Gallery တွင် Click နှိပ်လိုက်ပါ။ နာရီပုံသဏ္ဍာန်ဒီဇိုင်းမျိုးစုံတို့ရှိရာ Clock Gallery ထဲသို့ရောက်သွားပါမည်။





Clock Gallery တွင် click တစ်ချက်နှိပ်ပါ

မှတ်ချက်။ ။clocklink မှမဟုတ်ပါဘူး။ အင်တာနက်ပေါ်မှာအခြားသော clock widget site တွေများစွာရှိပါသေးတယ်။ Google သို့သွားရောက်ပြီး clock widgets လို့ထည့်သွင်းရှာဖွေကြည့်ပါ။ ရလာတဲ့အထဲကမှ ကိုယ့်လိုအပ်ချက်နှင့် ကိုက်ညီနိုင်မည့် link များသို့သွားရောက်ပြီး စမ်းသပ်အသုံးပြုကြည့်ကြပါ။


မိမိနှစ်သက်ရာ နာရီပုံစံတခုကိုရွေးပါ။ ရပြီဆိုရင် ထိုနာရီနှင့်သက်ဆိုင်ရာ **View HTML Tag** ပေါ်တွင် Click နှိပ်လိုက်ပါက နာရီပုံပါ pop-up windows တစ်ခုပွင့်လာပါမည်။





Time Zone နေရာတွင် မိမိဒေသစံတော်ချိန်ကိုရွေးပေးပါ။ ဥပမာ မြန်မာနိုင်ငံအတွက် ဆိုလျှင် (GMT +6:30) ဖြစ်ပါတယ်။လိုအပ်ပါက နာရီအရွယ်အစား အကြီးအသေးကို Sizeနေရာတွင် ရွေးချယ်ပြောင်းလဲနိုင်ပါတယ်။



နာရီနှင့်ပတ်သက်ပြီး စိတ်တိုင်းကျပြင်ဆင်ပြီးပြီဆိုလျှင် အပေါ်ကွက်လပ်ထဲရှိ code များအားလုံးကို copy ကူးယူရပါမယ်။ စာသားများကို select မှတ်ပြီးညာဘက် click တစ်ချက်နှိပ်လိုက်ပါ။ ကျလာမည့် menu ထဲရှိ copy တွင် နှိပ်ပြီးကူးယူလိုက်ပါ။





ဒါဆိုရင် HTML code တွေကို copy ကူးပြီးသွားပြီ။ နောက်တဆင့်ဆက်ရန်အတွက် www.blogger.com ထဲ login ဝင်ရောက်ပြီး page element သစ်တခုထည့်ရန်ပြင်ဆင်ကြရပါမယ်။ HTML/JavaScript နေရာရှိ Add to blogတွင် Click နှိပ်လိုက်ပါ ။ Configure window ပွင့်လာပါမည်။




Title တွင်နာရီနှင့်ပါတ်သက်၍ပေးလိုသော အမည်ရိုက်ထည့်ပါ။ ဥပမာ - ( မြန်မာစံတော်ချိန် )


Content နေရာထဲတွင်ညာဘက် Click နှိပ်ပြီး pasteလုပ်လိုက်ပါ။




ဒါဆိုရင် www.clocklink.com ကနေကူးလာတဲ့ HTML Code များဒီ Content ထဲမှာပေါ်လာပါမည်။



**Save changes** တွင် Click နှိပ်ပါက စတင် Saveလုပ်ပါလိမ့်မယ်။ ပြီးပြီဆိုရင် Page element added ဆိုပြီးပေါ်လာပါမည်။ View blog တွင် Click နှိပ်ကြည့်ပါက blog စာမျက်နှာတွင် နာရီကိုမြင်ကြရပါမယ်။



## CBOX

cbox ဆိုတာက blog page အတော်များများမှာ တွေ့ရလေ့ရှိတဲ့ စကားပြောခန်း (chat room) လေးများပဲဖြစ်ပါတယ်။ အဲဒီ cbox ထဲမှာ post တွင်းပါအကြောင်းအရာတို့နှင့် ပါတ်သက်ပြီး လွယ်လွယ်ကူကူ ဆွေးနွေးမေးမြန်းနိုင်ကြသလို၊ blog ကိုလာရောက်လည်ပတ်သူတွေ အချင်းချင်းလည်း နှစ်သက်ရာ အကြောင်းအရာကို ခေါင်းစဉ်တင်ဆွေးနွေးနိုင်ကြတယ်။

သဘောက blog ပိုင်ရှင်နှင့် ဝင်ရောက်ဖတ်ရှုသူတို့ အလွယ်တကူတိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်တဲ့ နေရာလေးပင်ဖြစ်ပါတယ်။ မိမိရဲ့ blog မှာလည်း cbox ထားချင်ရင် အခကြေးငွေကုန်ကျမှုမရှိပဲ ထည့်သွင်းထားနိုင်ပါတယ်။


Blog ထဲမှာ cbox ထည့်ခြင်းကို အောက်ဖော်ပြပါအပိုင်း၃ပိုင်းခွဲ၍ ဖော်ပြသွားပါမယ်။

1) Create an Cbox account
2) configuring Cbox
3) Add to blog


### Create an Cbox account

Cbox ထံမှ account တစ်ခုရရှိဖို့ရန် ထုံးစံအတိုင်း ပထမဦးစွာ registration လုပ်ရမယ်။ ပြီးရင် email မှတဆင့် activative လုပ်ကြရပါမယ်။


1 ) www.cbox.ws သို့သွားပါ။ ရောက်ပြီဆိုရင် account သစ်တစ်ခုစဆောက်ရန် **Sign Up** တွင် click နှိပ်လိုက်ပါ။




2) username၊ password အပါအဝင် Email Address တို့ကို ဖြည့်ပြီး register လုပ်ရပါမယ်။ ပြည့်စုံစွာဖြည့်စွက်ပြီးလျှင် **Finish** တွင် click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆိုရင် registration လုပ်ခြင်းပြီးဆုံးသွားပြီး မိမိထည့်သွင်းပေးခဲ့သော Email လိပ်စာတွင်းသို့ Cbox မှ mail တစ်စောင်ပို့ထားပါလိမ့်မယ်။





3) Cbox တွင် register လုပ်စဉ်အခါတုန်းကပေးခဲ့သော email အတွင်းသို့ login ဝင်လိုက်ပါက Cbox မှပို့ထားသော message အားတွေ့ရပါမယ်။ ၎င်း mail message အားဖွင့်ဖတ်လိုက်ပါ။



4) ပွင့်လာသော mail message ထဲတွင် www.cbox.ws သို့ဝင်ရောက်တဲ့အခါ အသုံးပြုနိုင်မည့် usernameနှင့် password တို့ကိုတွေ့ရပါမယ်။ လိုအပ်ပါက ကူးယူမှတ်ထားလိုက်ပါ။ ထို့နောက် အပြာရောင် **activation link** ပေါ်တွင် click တစ်ချက်နှိပ်လိုက်ပါ။ သီးခြား windowတစ်ခုပွင့်လာပြီး www.cbox.ws သို့ပြန်ရောက်သွားပါမည်။





5) Activation လုပ်ရန်အတွက် usernameနှင့် password ကိုဖြည့်ပြီး Login ဝင်ရပါမယ်။ (username ကဖြည့်ပြီးသားဖြစ်ပါလိမ့်မယ်။)။ password ဖြည့်ပြီး **Login** တွင် clickနှိပ်လိုက်ပါ။ ဒါဆိုရင် www.cbox.ws သို့ Loginဝင်ရောက်သွားပြီး activation လုပ်ခြင်းပြီးဆုံးပြီဖြစ်ပါတယ်။




## Configuring your Cbox

Cboxတွင် Loginဝင်ရောက်ခဲ့ပြီးပြီဆိုရင် လိုအပ်သလို Setting အချို့ကိုပြင်ဆင်နိုင်ကြပါပြီ။ အထူးသဖြင့် Cbox အရွယ်အစား ၊ စာလုံးအရောင်အစရှိသဖြင့်ပေါ့။ စိတ်တိုင်းကျပြီဆိုမှ နာရီတွေ ၊ ပြက္ခဒိန်တွေထည့်သလိုပင် HTML code များအား Copy ကူးယူပြီး မိမိ blog ထဲသွားထည့်ကြရပါမယ်။


1) Cbox အတွင်းဝင်ရောက်ပြီးပြီဆိုလျှင် မိမိရောက်ရှိနေသော နေရာသည် Adminအောက်မှ My Account ဆိုတဲ့နေရာဖြစ်ပါတယ်။ ( page၏ဘယ်ဘက် Quick setup၊ option အစရှိသည်တို့ထဲမှ My Account သည် highlight ဖြစ်နေပါမည်။) **Cbox Options** တွင် click နှိပ်လိုက်ပါ။




2) Options ထဲတွင် cboxရဲ့အရွယ်အစားကိုလိုသလိုပြင်နိုင်ပါတယ်။ မူလအရွယ်အစားက 160x380 pxဖြစ်ပါတယ်။




အကယ်၍များ 200x400 လို့များပြောင်းလိုက်ရင် cbox သည် ဘေးဘက်ပိုကျယ်လာမယ်၊ အပေါ်အောက်ရှည်လာမယ်ပေါ့။တစ်ခုခုပြင်ခဲ့တယ်ဆိုရင်အရေးကြီးတာက Save တွင် clickနှိပ်ရပါမယ်၊





မှတ်ချက်။ ။စာလုံးအရောင်အရွယ်အစား တွေကို ပြောင်းလိုလျှင် Colors & Fonts တွင် click နှိပ်သွားရောက်ပြီးလိုသလိုပြင်ဆင်နိုင်ပါတယ်။နောက်တခါ Smiles ထဲမှာဆိုရင် key-board ကနေ ဘယ်သင်္ကေတတွေ တွဲရိုက်ပါက cboxထဲမှာဘယ်လို ပုံ (gesture) လေးတွေပေါ်မယ်ဆိုတာမျိုးသွားရောက်လေ့လာထားနိုင်ကြပါတယ်။

Cboxအတွင်းရေးသားထားသော message များအား ဖျက်ထုတ်ခြင်း၊ ဘယ်သူတွေကိုတော့ဝင်ရောက်ရေးသားခွင့်မပြုဆိုတာမျိုးတွေကန့်သတ်လိုပါက Mes-sages၊ Blocked user တို့ထဲမှာ လုပ်ဆောင်နိုင်ကြပါတယ်။ ယခုအဆင့်တွင် မလိုအပ်သေးပါ။

4) စိတ်တိုင်းကျပြင်ဆင်ခဲ့ပြီးပြီဆိုရင်မိမိ blog တွင် ထည့်သွင်းရန်အတွက် HTML code များကို copy ကူးယူရပါမယ်။ **Quick Setup** တွင် click နှိပ်လိုက်ပါ။ မိမိရဲ့ Cbox အတွက် HTML code များကို မြင်ကြရပါမယ်။




5) "Copy to Clipboard" တွင် click နှိပ်လိုက်ပါက ၄င်း Code များအားလုံးကို copy ကူးပြီးသွားပါပြီ။ တစ်နေရာရာတွင် paste(Ctrl+V) လုပ်နိုင်ပြီဖြစ်ကြောင်း ဖော်ပြသော message ပါသည့် box ကျလာပါမည်။ **OK** တွင် နှိပ်ပြီးပိတ်လိုက်ပါ။




## Add to Blog

Cboxအတွက် HTML codeတွေ copyကူးခဲ့ပြီးလျှင် ရှေ့ကနာရီတို့၊ပြက္ခဒိန်တို့ထည့်သလိုပင် blog ထဲမှာ page elementတစ်ခုအဖြစ် pasteလုပ်ပြီးထည့်ကြရုံဖြစ်ပါတယ်။

Html/Java script နေရာရှိ **Add to blog** တွင် click နှိပ်လိုက်ပါ။configure window ပွင့်လာပါမည်။ Title နေရာတွင် ပေးလိုသောအမည်ထည့်ပါ၊ ဥပမာ - မှာချင်ရာလေးတွေရှိရင်မှာခဲ့ပါ။

Content ထဲတွင် cursor ချပြီး (Ctrl+V) တွဲနှိပ်ပါ (သို့) content နေရာထဲတွင် ညာဘက် clickနှိပ်ပြီး paste လုပ်လိုက်ပါ။ ကူးလာတဲ့ HTML code များဒီနေရာတွင်ပေါ်လာမည်။





**Save chages** တွင် click နှိပ်ပြီး saveလုပ်လိုက်ပါ။ View blogတွင် clickနှိပ်ကြည့်ပါက blog စာမျက်နှာတွင် cbox ကိုမြင်ကြရပါမယ်။ ဒါဆိုရင် blog တွင်းသို့ cbox လို့ခေါ်တဲ့စကားပြောခန်းလေးတခု ထည့်သွင်းပြီးသွားပါပြီ။


# Manage Page Element

မိမိရဲ့ blog မှာထည့်သွင်းထားသည့် page elementတွေထဲက ဘယ်ဟာတွေကိုတော့ အပေါ်ကထားမယ်။ ဘယ် elementတွေကိုတော့ အောက်မှာထားမယ် အစရှိသဖြင့် လိုသလိုနေရာချ လို့ရပါတယ်။

ဥပမာ"ကဗျာရေးလေ့ရှိပါသလား"လို့အမည်ပေးထားသည့် " poll " elementကိုအပေါ်ဆုံးမှာ ထားလိုတယ်ဆိုပါစို့။ mouse pointer ကို ထို poll elementပေါ်ရွှေ့လိုက်ပါ။ Cursorသည် ✥ ပုံသို့ ပြောင်းသွားပါမည်။





အဲဒီအချိန်မှာ mouse ဖြင့် drag ဆွဲပြီး လိုသည်နေရာရောက်လျှင် လွှတ်လိုက်ပါ။ဒါဆိုရင် ၄င်း elementသည်အပေါ်ဆုံးသို့ရောက်သွားပါမည်။ စိတ်တိုင်းကျပြီဆိုလျှင် Saveတွင် clickနှိပ်ရန်မမေ့ပါနှင့်။




## Edit (or) Delete Page element

မိမိထည့်သွင်းထားခဲ့သည့် Page element တွေထဲက အချို့ကို ပြန်လည်ပြင်ဆင်ခြင်း သို့တည်းမဟုတ် မလိုအပ်တော့၍ ဖျက်ထုတ်ခြင်းများကို လိုအပ်သလို လုပ်ဆောင်နိုင်ကြပါတယ်။ ပြန်လည်ပြင်ဆင်တည်းဖြတ်လိုသော Page element၏ **Edit** ပေါ်တွင် Click တစ်ချက်နှိပ်လိုက်ပါ။Configure Window ပြန်ပွင့်လာပါလိမ့်မယ်။





ပြင်ဆင်လိုသည့်စာသားများကိုပြင်ဆင်နိုင်ပါပြီ။ အကယ်၍များ လုံးဝဖျက်ထုတ်လိုပါက **Remove** တွင် နှိပ်ပြီး ဖျက်ထုတ်နိုင်ကြပါတယ်။




## Edit header


Header ဆိုတာဟာ Blog title နှင့် Description အဖြစ်ထည့်သွင်းထားသော စာသားများ ရှိရာနေရာဖြစ်ပါတယ်။Header ရှိ **Edit**တွင် Click နှိပ်လိုက်ပါ။ Configure Window ပွင့်လာပါမည်။





၄င်း Window ထဲတွင် Blog title နှင့် Description တို့ကိုတွေ့ရပါမယ်။ပြင်လိုကပြင်နိုင်ပါတယ်။ ဒီနေရာမှာHeaderကို ထူးခြားအောင် လုပ်လို့ရတာက နောက်ခံနေရာမှာမိမိနှစ်သက်ရာပုံကို ပြောင်းထည့် ထားနိုင်ခြင်းဖြစ်ပါတယ်။



**Browse**တွင် Click နှိပ်ပြီးHeader နောက်ခံထားလိုသည့်ပုံဖိုင်လ်ကိုရွေးပေးပါ။ စိတ်တိုင်းကျ ပြီဆိုရင် **Save Changes** တွင် Click နှိပ်ပြီးသိမ်းဆည်းလိုက်ပါ။




ဒါဆိုရင် Blog ကိုပြန်ကြည့်ပါက Header နေရာမှာရှေ့ကလိုနောက်ခံပလိန်းမဟုတ်တော့ပဲ မိမိ ရွေးချယ်ထည့်သွင်းခဲ့တဲ့ပုံနောက်ခံဖြစ်သွားပါလိမ့်မယ်။




## Email ဖြင့် Post အသစ်များထပ်တင်ခြင်း

Blogger ကိုရွေးချယ်မှုအတွက် ကျေနပ်နှစ်သက်မှုကိုပေးစွမ်းနိုင်မည့် ထူးခြားသည့်အပိုင်းကတော့ email ဖြင့် post လှမ်းတင်နိုင်ခြင်းပင်ဖြစ်ပါတယ်။ သာမန် email ပို့ရိုးပို့စဉ်အတိုင်း ပို့ရုံဖြင့် Blog ထဲမှာ post တစ်ခုတင်ပြီးသားဖြစ်ပါလိမ့်မယ်။ ဆိုရရင် emailပို့တဲ့အခါရေးသည့် Subject သည် post title ဖြစ်လာမည်။ email message တွင်းပါစာသားတို့သည် postတွင်းပါစာသားများဖြစ်လာပါလိမ့်မည်။ အခရာကျတာက To နေရာမှာထည့်သွင်းပေးပို့ရမယ့် email address ပင်ဖြစ်ပါတယ်။

၎င်း email လိပ်စာကိုရရှိဖို့ရန် Bloggerမှာ loginဝင်ရောက်ပြီးဖန်တီးယူရမယ်။ ပြီးရင် လျှို့ဝှက်ထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူပဲပို့ပို့ အဲဒီလျှို့ဝှက်လိပ်စာဆီပို့လိုက်ပြီဆိုတာနှင့် Blog ထဲမှာ post တစ်ခုအနေနှင့်တက်လာမှာဖြစ်သည့်အတွက် ထိုလိပ်စာကိုလုံးဝ လျှို့ဝှက်ထားရပါမယ်။ ပထမအဆင့်အနေနှင့် လျှို့ဝှက်လိပ်စာ (secret email address) ရရှိအောင် လုပ်ဆောင်ပုံအဆင့်ဆင့်ကို ကြည့်ကြရအောင်။ ပြီးမှ Gmail ဖွင့်ပြီး ၎င်းလျှို့ဝှက်လိပ်စာထံသို့ email တစ်စောင်ရေးပို့ပြီး post လှမ်းတင်ပုံကိုဆက်လက်ဖေါ်ပြသွားပါမယ်။


1) www. Blogger.comထဲသို့ loginဝင်ရောက်ခဲ့ပြီးပြီဆိုရင် Setting tabအောက်တွင်ရှိသော email ထဲသို့သွားလိုက်ရအောင်။ ဒီနေရာကို (Settings|Email) page လို့ဆိုလိုက်ရအောင်။



2) BlogSend Address နေရာတွင် မိမိရဲ့ email လိပ်စာကို ထည့်သွင်းပေးလိုက်ပါ။ mail-to-blog Address နေရာတွင် လျှို့ဝှက်လိပ်စာအတွက် မိမိအသုံးပြုလိုတဲ့ စာလုံးများကို ထည့်ပေးရပါမယ်။ လျှို့ဝှက် email လိပ်စာသည် အောက်ဖော်ပြပါပုံစံအတိုင်းဖြစ်လာပါမည်။

myomyintthu. *****@ blogger.com

လိပ်စာမှ * ပြထားသော နေရာများသည် ကိုယ်ထည့်ရမည့်အပိုင်းပင်ဖြစ်ပါတယ်။ ရှေ့ကဆိုခဲ့သလိုပင် လျှို့ဝှက်လိပ်စာဖြစ်ရမှာဖြစ်သည့်အတွက် အခြားသူများ ခန့်မှန်းလို့မရနိုင်စေမည့် စာလုံးများသာဖြစ်သင့်ပါတယ်။ အနည်းဆုံးလေးလုံးဖြည့်သွင်းကြရပါမယ်။ ဥပမာပုံအရ လျှို့ဝှက်လိပ်စာသည် myomyintthu.mmt2005@blogger.com ဖြစ်လာပါမည်။





3) **Save Settings** တွင် Click တစ်ချက်နှိပ်လိုက်ပါ။ secret email address တစ်ခုတည်ဆောက်ခြင်း ပြီးဆုံးပါပြီ။

ဒါဆိုရင် ဒုတိယအဆင့်ဖြစ်တဲ့ emailမှတဆင့် post လုပ်းရေးဖို့ရန် အဆင်သင့်ဖြစ်ပါပြီ။ email ဖွင့်ပြီး post တစ်ခုလောက် ရေးတင်ပုံကိုကြည့်ရအောင်။


1) To: နေရာတွင် လျှို့ဝှက်လိပ်စာကို ထည့်သွင်းပါ။

2) Subject နေရာတွင် ရေးခဲ့သော စာသားများသည် post title ဖြစ်လာပါလိမ့်မယ်။

3) email message ၏ body ထဲတွင် ရေးသားသော စာသားများသည် post တွင်းပါစာသားများ ဖြစ်လာပါလိမ့်မယ်။ ရေးလိုသမျှရေးပြီးပြီဆိုရင်နောက်ဆုံးမှာ #endဆိုတာလေးကိုထည့်ပေးလိုက်ပါ။ ဒီနေရာအထိပဲဆိုတဲ့ သဘောဖြစ်ပါတယ်။ အချို့ email program တွေမှာ ကိုယ်ရေးတာအပြင် "No virus found..." ဆိုတဲ့စာသားတွေ၊ ကြော်ငြာတွေအလိုလို ပါသွားတတ်တယ်။ အဲဒါတွေမပါအောင် #end ကိုထည့်ရခြင်းဖြစ်ပါတယ်။





စိတ်တိုင်းကျပြီဆိုလျှင် Sendတွင် Click နှိပ်ပြီးပို့လိုက်ပါ။ ခဏအကြာ Blog ထဲမှာ post သစ်တစ်ခုတိုးလာပါလိမ့်မယ်။



ယခုဖော်ပြခဲ့တဲ့ blog ရေးသားပုံအဆင့်ဆင့်တို့ကို လိုက်ပါလုပ်ဆောင်နိုင်ကြပြီဆိုရင်တော့ ကိုယ်ပိုင် blog များဖန်တီးတည်ဆောက်နိုင်ကြပြီ ဖြစ်ပါလိမ့်မယ်။ သို့သော် blog ဖန်တီးရေးသားမှုနယ်ပယ်သည် ကျယ်ပြန့်သည့်အလျောက် ယခုလောက်သိခဲ့ကြပြီးရုံဖြင့်ပြည့်စုံလုံလောက်ပြီလို့မဆိုနိုင်သေးပါဘူး။ ဒါတွေက အခြေခံလိုအပ်ချက်တွေသာဖြစ်ပါတယ်။

အရေးကြီးတာက ဒီအခြေခံအချက်တွေကို ကျွမ်းကျင်ခဲ့မှသာလျှင် ရှေ့တဆင့်တက်လှမ်းလေ့လာလို့ရမယ်၊ အခြားသူတို့၏ blog များဖန်တီးရေးသားပုံတွေကို နမူနာယူလေ့လာနိုင်ကြမယ် ဆိုတာတွေကိုတော့ သဘောပေါက်ထားဖို့လိုပါလိမ့်မယ်။


မျိုးသူရ




# အဆင့်မြင့် အင်တာနက်အသုံးပြုနည်း

## ADVANCE guide to Using internet

မျိုးသူရ




ISBN 983-061-008-X
9 789830 610085

openeyes@mail4U.com.mm